www.dhammaransi.com

ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း
ပြည်နိဗ္ဗာန်။

လောကီ ချမ်းသာ၊ လောကုတ္တရာ ချမ်းသာ၊ စွယ်စုံ ခံစားရသော

ကျေးဇူးတော်ရှင်

## လယ်တီဆရာတော်ဘုရားကြီး

# လယ်တီနိဗ္ဗာန်

ဆရာပု-ဆရာကိုကျော်ညွန့်တို့၊ ကြီးကြပ်ပြင်ဆင်သည်။

( မူပိုင်ရှင်-မောင်ညာဏ်ထွန်း )

( တအုပ် ၁-ကျပ် နှင့် အပြား-၅၀။ )

ရန်ကုန်မြို့၊ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်။

ကိုချင်ကြွယ် (နှင့်) သားသမီးများ
ဇမ္ဗူ့မိတ်ဆွေ ... လှယ်
နံပါတ်=၃၈=၃၉=စီရုံဈေးကြီးတောင်
မန္တလေးမြို့။

www.dhammaransi.com



ပုဂ္ဂခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်း
ပြည်နိဗ္ဗာန်။

လောကီ ချမ်းသာ၊ လောကုတ္တရာ ချမ်းသာ၊ စွယ်စုံ ခံစားရသော

ကျေးဇူးတော်ရှင်

# လယ်တီဆရာတော်ဘုရားကြီး

# လယ်တီနိဗ္ဗာန်

ဆရာပု–ဆရာကိုကျော်ညွန့်တို့၊ ကြီးကြပ်ပြင်ဆင်သည်။

( မူပိုင်ရှင်–မောင်ညာလတ်ထွန်း )

( တအုပ် ၁-ကျပ် နှင့် အပြား-၅၀။ )

ရန်ကုန်မြို့၊ ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်၊
ကိုချစ်ကြွယ်(နှင့်) သားသမီးများ
ဇမ္ဗူ့မိတ်ဆွေ [illegible]လှယ်
နံပါတ်=၃၀=၃၉=စီရုံဈေးကြီးတော
မန္တလေးမြို့။

www.dhammaransi.com



ကျေးဇူးတော်ရှင်

(လယ်တီဆရာတော်ကြီး၏ ပုံတော်)

ကျေးဇူးရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီးသည် မြန်မာသက္ကရာဇ်
၁၂၆၅-ခုနှစ်၊ ပျဉ်းမနားမြို့-အင်ကြင်းမြိုင် စမ်းကျတောရကျောင်း၌
ကမ္မဋ္ဌာန်းထိုင်နေတော်မူစဉ် တိတ်တဆိတ် ဓါတ်ပုံဆရာများ
ရိုက်ကူးသော ပုံတော်ဖြစ်ပါသည်။

www.dhammaransi.com

# မာတိကာ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁- | လျှောက်လွှာ .... .... .... .... | ၁ |
| ၂- | မိန့်ခွန်းတော် .... .... .... .... | ၁ |
| ၃- | ပထမမဟာနိဗ္ဗာန် .... .... .... | ၁ |
| ၄- | ဒုတိယမဟာနိဗ္ဗာန် .... .... .... | ၂ |
| ၅- | တတိယမဟာနိဗ္ဗာန် .... .... .... | ၃ |
| ၆- | ဘုရား ရှေ့လက်ထက်တော်၌၊ ပထမ မဟာ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြသောနတ်လူတို့သာ များပြားကြောင်း .... .... .... | ၅ |
| ၇- | ဒုတိယ နိဗ္ဗာန်နှင့် တတိယ နိဗ္ဗာန်သို့ ဆိုက်ရောက် ကြသော ပုဂ္ဂိုလ်တို့၏ အသလားကို ပြဆိုချက် .... .... .... .... | ၇ |
| ၈- | သံသရာ သုံးကြောင်း သုံးသွယ်ကို ပြဆိုချက် | ၈ |
| ၉- | သံသရာဝဋ်သုံးပါးကိုပြဆိုချက် .... .... | ၉ |
| ၁၀- | ဗုဒ္ဓဘာသာသာနိဗ္ဗာန် ၃-မျိုး .... .... | ၁၂ |
| ၁၁- | ပထမနိဗ္ဗာန်ရှင်းချက် ... .... .... | ၁၃ |
| ၁၂- | ဒုတိယနိဗ္ဗာန်ရှင်းချက် .... .... .... | ၁၆ |
| ၁၃- | မစင်သေတ္တာဥပမာ .... .... .... | ၁၇ |
| ၁၄- | တတိယနိဗ္ဗာန်ရှင်းချက် .... .... .... | ၁၇ |
| ၁၅- | ဖွဲ့သေတ္တာဥပမာ .... .... .... | ၁၈ |
| ၁၆- | ကြေကြေ မွမွ နုတ်တက်ရအောင် ကျက်မှတ် ကြရန် ဓာတ်ကြီးလေးပါးပါဠိအနက် .... | ၂၀ |
| ၁၇- | ပရမတ်နှစ်မြေဒ္ဓစစ် .... .... .... | ၂၀ |
| ၁၈- | မြင့်မိုရ်တောင်နှင့် မဟာပထဝီမြေကြီး .... | ၂၂ |
| ၁၉- | ဦးခေါင်းကိုပိုင်း၍ကြည့်ပုံ .... .... | ၂၃ |
| ၂၀- | ပရမတ်နှစ် ရေဓာတ်စစ် .... .... | ၂၄ |
| ၂၁- | ပရမတ်နှစ်မီးဓာတ်စစ် .... .... .... | ၂၇ |
| ၂၂- | ပရမတ်နှစ်လေဓာတ်စစ် .... .... .... | ၂၈ |


A

www.dhammaransi.com

# မာတိကာ။

ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။

၂၃- မြေ,ရေ,မီး,လေ ဟူသော ဓာတ်ကြီးလေးပါး တို့၏ အချင်းချင်း မှီတွယ်ကြပုံ၊ တပါးပျက် လျှင် အကုန်လုံးပျက်ကြပုံ .... .... ၃၀
၂၄- ခြောက်မျိုးသော ဓာတ်ကြည် ဓာတ်လင်း မှန်ကြည် မှန်လင်း ကိုယ်တွင်းအပြည့် ချယ် လယ်ပုံ .... .... .... .... .... ၃၁
၂၅- နန်းအိမ်ဥပမာ .... .... ... .... ၃၄
၂၆- နန်းအိမ်ကြီးနှင့် ခန္ဓာအိမ်တူပုံ .... .... ၃၅
၂၇- စက္ခုအကြည်၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ခေတ် သုံးပါး တချက်တည်း ဓာတ်ဉာဏ် ပေါက် အောင်ရှုနည်း .... .... .... .... ၃၈
၂၈- သောတအကြည်၊ သဒ္ဒါရုံ၊ သောတဝိညာဏ် စိတ်၊ ခေတ်သုံးပါးတချက်တည်းဓာတ်ဉာဏ် ပေါက်အောင်ရှုနည်း .... .... .... ၃၉
၂၉- ဃာနအကြည်၊ ဂန္ဓာရုံ၊ ဃာနဝိညာဏ်စိတ်၊ ခေတ်သုံးပါးတချက်တည်းဓာတ်ဉာဏ်ပေါက် အောင်ရှုနည်း .... .... .... .... ၄၀
၃၀- လျှာအကြည်၊ ရသာရုံ၊ ဇိဝှါ ဝိညာဏ်စိတ်၊ ခေတ်သုံးပါးတချက်တည်းဓာတ်ဉာဏ်ပေါက် အောင်ရှုနည်း .... .... .... .... ၄၁
၃၁- ကာယအကြည်၊ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ် စိတ်၊ ခေတ်သုံးပါးတချက်တည်း ဓာတ်ဉာဏ် ပေါက်အောင်ရှုနည်း .... .... ... . ၄၂
၃၂- မနောအကြည်၊ ဓမ္မာရုံ၊ မနောဝိညာဏ်၊ ခေတ်သုံးပါးတချက်တည်းဓာတ်ဉာဏ်ပေါက် အောင်ရှုနည်း .... .... .... .... ၄၃
၃၃- အနိစ္စ,ဒုက္ခ,အနတ္တ, လက္ခဏာရေး သုံးပါးကို

www.dhammaransi.com

# မာတိကာ။


| ဦးစရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| | မြင်လုံးထွားအောင် ပြဆိုချက် .... .... | ၄၄ |
| ၃၄- | သန္တတိခွါပုံ .... .... .... .... | ၄၆ |
| ၃၅- | အာဟာရနှင့်စပ်၍ခွါပုံ .... .... .... | ၄၇ |
| ၃၆- | ချေမြုပ်ဆိုင်ဥပမာ၊မီးအိမ်ပျံဥပမာ .... | ၄၇ |
| ၃၇- | မှန်တုံး,ဖန်တုံး,ဥပမာ .... .... .... | ၄၈ |
| ၃၈- | တောချုံပိတ်ပေါင်းနှင့် မြစ်ချောင်းဥပမာ .... | ၅၁ |
| ၃၉- | ကြာရုံကြီးဥပမာ .... .... .... .... | ၅၂ |
| ၄၀- | မျက်လုံးတွင်းရှိ ခေတ်ဆီ-ခေတ်မီး-ခေတ်ကြီး ခေတ်ကြည်ဘုံချုပ်ယုတ်ကွယ်ပျောက်ပုံ .... | ၅၄ |
| ၄၁- | အသက်ဟူသော ဇီဝိတရုပ်သည် အမိုင်း အမိုင်းပြတ်ပုံ .... .... .... .... | ၅၄ |
| ၄၂- | သတ္တဝါသေဆုံးပုံနှင့် ဇိရဏာခေတ်မီး၏သတ္တိ | ၅၅ |
| ၄၃- | ဥဒယသဘောနှင့် ဝယသဘော ဉာဏ်ထင် လင်းရခြင်း၏အကျိုး .... .... .... | ၅၇ |
| ၄၄- | သန္တတိပညတ်အတပ်မြင်ရန် .... .... | ၅၇ |
| ၄၅- | စပါးဆန်ထဲမှာအသက်နေပုံ .... .... | ၅၉ |
| ၄၆- | သန္တတိပညတ်ကို ရူပါယတနနှင့်စပ်၍ခွါပုံ | ၆၀ |
| ၄၇- | သဥပါဒိသေသပထမနိဗ္ဗာန်ကို ဆက်၍ပြခြင်း | ၆၃ |
| ၄၈- | တိဏ္ဏံသံယောဇနာနံ ပါဠိတော်ကြီးကို ပြဆိုချက် .... .... .... .... .... | ၆၄ |
| ၄၉- | သဥပါဒိသေသခေါ်ပုံ .... .... .... | ၆၅ |
| ၅၀- | ထန်းသီးခိုင်ဥပမာ .... .... .... | ၆၇ |

www.dhammaransi.com

# ကျေးဇူးတော်ရှင်-လယ်တီဆရာတော် မဟာထေရ် မြတ်ကြီးထံ လျှောက်သွားသော ဘုရား။

သက္ကရာဇ် ၁၂၇၃-ခု တန်ခူးလဆန်း ၁၅-ရက်နေ့ တပည့်တော်-ဝဏ္ဏိတ ရှိသေစွာရှိခိုးလျှောက်ပါသည် ကျေးဇူးတော်ရှင် မဟာထေရ်မြတ်ကြီးဘုရား။ လျှောက်ထားရန်မှာ– မဟာထေရ်မြတ်ကြီး သင်ကြားပြသ ဆုံးမသြဝါဒ ပေးသနားတော်မူချက် အရ၊

ခန္ဓာငါးပါး၊ ၅-ညဟောကိန်းကြီး။
အာယတနတဆဲ့နှစ်ပါး၊ ၁၂-ညဟောကိန်းကြီး။
ဓာတ်တဆဲ့ရှစ်ပါး၊ ၁၈-ညဟောကိန်းကြီး။
ပဋိစ္စသမုပ္ပါဒ်တဆဲ့နှစ်ရပ်၊ ၁၂-ညဟောကိန်းကြီး။

ဤဟောကိန်းကြီးတို့ကို မိုင်နိုင်စွာ ညတရားပွဲကြီးတို့၌ ဟောပြောနိုင်ပါသော်လည်း နိဗ္ဗာန်တရား ဟောကိန်းကြီးတခု ကြွင်းကျန် နေပါသေးသည်။ ယခု ဟောပြောလျက် ရှိသော နိဗ္ဗာန် တရားမှာ–

"ဓာတ်အစရှိသော မီးဆဲ့တတန်၊ ငြိမ်းရာမှန်သည့်၊ ပြည်နိဗ္ဗာန်သို့၊ အမြန်ရောက်ရပါလို၏"ဟု ဆုတောင်းရိုးအစဉ်ရှိသည့်အတိုင်းသာ ဟောပြောနေရာ မိုမို ရွှန်းရွှန်း မြိန်မြိန်ယှက်ယှက် မရှိလှပါ၊ တရားနာ ပရိသတ်များကလည်း လိုလိုချင်ချင် ရှိမည်မထင်ပါ၊ ပျင်း,မှုန်း,ငြီးတောက်ကြီးဖြစ်နေပုံ လက္ခဏာတွေ့ရှိပါသည်။ ငြီးတောက်ခြင်း၏ အကြောင်းကား၊ ဆုတောင်းချက် အရိုးအစဉ်၌ ဖောက်ပြန်သနေ့နေရန် ဘဝသစ်မရှိ၊ ဘဝသစ်မရှိလျှင် ခန္ဓာငါးပါး မရှိ၊ ခန္ဓာငါးပါးမရှိလျှင် ခံစားစံစားတတ်သော ဝေဒနာက္ခန္ဓာမှ ဆိတ်ကင်း၏၊ ဝေဒနာက္ခန္ဓာမရှိလျှင် ထိုနိဗ္ဗာန်၌ ခံစားခြင်း သဘောလည်းမရှိ၊ ခံစားအပ်သော အာရုံလည်းမရှိနိုင်၊ ထို့ပြင်

# လျှောက်လွှာ။

တရပ်၊ ကိလေသာကြွင်း, ခန္ဓာကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန်ကို ဆုတောင်းရိုးအစဉ်ရှိသော်လည်း တကယ်ရောက်လို, ပေါက်လို, ယူလို, ရလိုကြသော လက္ခဏာမတွေ့ရပါ၊ နိဗ္ဗာန်ကို အမြန် ရောက်ရပါလို၏ ဆိုသော်လည်း အမြန် ရောက်လိုသော လက္ခဏာမမြင်ပါ။

အထောင်အသောင်းရှိသော တရားနာပရိသတ်တို့အား နိဗ္ဗာန်ကို အမြန်ရောက်လိုသူရှိက ထွက်ခဲ့ကြစမ်းပါဟုခေါ်သော်လည်း တယောက်တလေမျှ ထွက်ပေါ်ဝံ့သူ လူစွမ်းကောင်း မတွေ့ခဲ့ရသေးပါ၊ တရားနာ ပရိသတ်အများကို ထားဘိဦး၊ တရားဟော ဓမ္မကထိကပုဂ္ဂိုလ်အား အရှင်ဘုရားကော နိဗ္ဗာန်ကိုမြန်မြန် ရောက်လိုပါသလားဟု တရားနာပရိသတ်အများက မေးလျှင် ဤပြဿနာကို ဖြေရှင်းရန်အခက်အခဲနှင့် တွေ့နေပါသည်။

သို့ပါ၍ ယခုခေတ်ကာလ ပရိသတ်တို့နှင့် သင့်လျော်သော နိဗ္ဗာန် ဟောကိန်းကြီးတခု၊ ထုတ်ဆင်ရေးသား ပေးသနားတော်မူပါရန် ရိုသေစွာလျှောက်ပါသည်ဘုရား။

ဝဏ္ဏိတ

နယ်လှည့်တရားဟောကိုယ်စားလည်

ရတနာပုံ–လယ်တီစံကျောင်း

စဉ်ရှင်တံခါးအနီးအနောက်ပြင်

မန္တလေးမြို့။

www.dhammaransi.com

# လယ်တီဆရာတော်ဘုရားကြီး၏
# ဗိန္ဒုနှုန်းတော်။

---

သက္ကရာဇ် ၁၂၀၃-ခု၊ တန်ခူး လဆန်း ၁၅-ရက်နေ့ ဆရာတော်၏ကိုယ်စားလည် နယ်လှည့်မြွေကာထိက မောင်ဝဏ္ဏတ ဈောက်ထားချက်အရ၊ နိဗ္ဗာန်ဟောကိန်းတရားကြီးကို နေ့ခင်းသာသနာ တခွင်တွင် အစဉ်တည်တွန်းရစ်အောင် ပျံ့ပျံ့ပျူးပျူး အထူးပေါ်လွင်ထင်ရှားစွာ ရေးသားပေအံ့။

လယ်တီ-ဆရာတော်

ရှေ့ဉဒေါင်းတောင်

လျှောက်၏။

www.dhammaransi.com

## သောတာပတ္တိဖိုလ်သို့ ရောက်ရခြင်း အကျိုးထူး။

ပထမနိဗ္ဗာန်ဟုံသူ နိဗ္ဗာန်ဘုံသားတို့၏ ဒိဋ္ဌိဝိစိကိစ္ဆာဟူသော သံဝေဂြောင့်ကြီးနှစ်စင်း ကျွတ်ငြိမ်းခြင်း သန္တိသုခကို အခါခုံပြု၍ အတုမရှိသော ပီတိသောမနဿဖြစ်ပွါးမှုကို ပြဆိုသောပါဠိတော်ကြီး။

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာ ဓိပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။ ။

ပထဗျာ၊ လေးကျွန်းတခွင် မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊ တသောက်တည်းသော စကြဝါမင်းစည်းစိမ်ထက်ရင်း။ သဂ္ဂဿ၊ နတ်ပြည်ခြောက်ထပ်သို့။ ဂမနေနဝါ၊ ရောက်၍ရရှိသော နတ်စည်းစိမ်ထက်ရင်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ အလုံးစုံသော လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်လောကကို လွှမ်းမိုးပိုင်သအစိုးရသော ဗြဟ္မာ့စည်းစိမ်ထက်ရင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ လွန်မြတ်၏။

## တိုက်တွန်းချက်။

နိရယေ ဘယသန္တာပံ၊
နိဗ္ဗာနေ ဝိပုလံ သုခံ။
ယထာဘူတံ ဝိညာပေတုံ၊
ဒေသေတာမ္ဟိ ယောဂိနာ။ ။

နိရယေ၊ငရဲအစရှိသော သံသရာဝဋ်ထဲ၌၊ ဘယသန္တာပံ၊ ကြောက်ဘွယ်သရဲ ပူပန်ဆင်းရဲခြင်းဘေးကိုရင်း၊ နိဗ္ဗာနေ၊နိဗ္ဗာန်၌၊ ဝိပုလံ၊ပြန့်ပြောကြီးကျယ်သော၊ သုခံ၊ချမ်းသာခြင်းကိုရင်း၊ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဝိညာပေတုံ၊ တရားနာပရိသတ်အာ များမြင်လုံးသွားအောင် ထင်ရှားစေခြင်းငှါ။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်သည်။ ဒေသေတမ္ဘိ-ဒေသေတဗ္ဗံ ဝ၊သဘောကျအောင် ဟောပြရာသလျှင်ကတည်း။

www.dhammaransi.com

# လယ်တီ-နိဗ္ဗာန်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဌမ မဟာနိဗ္ဗာန်

တတ္ထ ယဒါ အတ္တဒိဋ္ဌိသဟဂတာ တဏှာ သမုစ္ဆိန္နာ ဟောတိ၊ တဒါ သဗ္ဗေ ဒုစ္စရိတဓမ္မာစ အပါယဘဝါစ သမုစ္ဆိန္နာ ဟောန္တိ၊ တံခဏတော ပဋ္ဌာယ တဿပုဂ္ဂလဿ ဘဝါဘဝေသု ဒုစ္စရိတဘယေဟိစ အပါယဒုက္ခေဟိစ ဝိမောက္ခော ဟောတိ၊ ဣဒံ ဗုဒ္ဓသာသနေ သဥပါဒိသေသံ နာမ အသင်္ခတံ ပဌမမဟာနိဗ္ဗာနံ ဟောတိ။ ။

တတ္ထ၊ ထိုသစ္စာလေးပါးတို့တွင်။ ယဒါ၊ အကြင်အခါ၌။ အတ္တဒိဋ္ဌိသဟဂတာ၊ အတ္တဒိဋ္ဌိနှင့်တကွဖြစ်သော။ တဏှာ၊ တဏှာဟူသော သမုဒယ သစ္စာကို။ သမုစ္ဆိန္နာ၊ အကြွင်းမဲ့ ဖြတ်အပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဒုစ္စရိတဓမ္မာစ၊ ဒုစ္စရိုက်တရားတို့သည်လည်းကောင်း။ အပါယဘဝါစ၊ အပါယ်ဘုံ ဘဝတို့သည်လည်းကောင်း။ သမုစ္ဆိန္နာ၊ အကြွင်းမဲ့ဖြတ်ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံခဏတော၊ ထိုအတ္တဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာချုပ်ငြိမ်းရာခဏမှ။ ပဋ္ဌာယ၊ စ၍။ တဿပုဂ္ဂလဿ၊ ထိုသက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော ပုဂ္ဂိုလ်အား။ ဘဝါဘဝေသု၊ ဘဝကြီးငယ် အသွယ်သွယ်တို့၌။ ဒုစ္စရိတဘယေဟိစ၊ ဒုစ္စရိုက်ဘေးကြီးတို့မှလည်းကောင်း။ အပါယဒုက္ခေဟိစ၊ အပါယ်ဆင်းရဲတို့မှလည်းကောင်း။ ဝိမောက္ခော၊ ကျွတ်လွတ်ကင်းရှင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤဒုစ္စရိုက်ဘေး၊ အပါယ်ဘေးတို့မှ ကင်းဝေးလွတ်ငြိမ်းခြင်းသည်။ ဗုဒ္ဓသာသနေ,

မြတ်စွာဘုရားသာသနာတော်ကြီး၌။ သဥပါဒိသေသံနာမ၊ သဥပါဒိသေသအမည်ရှိသော။ ဝါ၊ ကိလေသာနှင့် ခန္ဓာအကြွင်းရှိသေးသော။ အသင်္ခတံ၊ ပြုပြင်စီရင်ရခြင်းကင်းဝေးသော။ ပထမ မဟာနိဗ္ဗာနံ၊ ပထမ မဟာနိဗ္ဗာန်ကြီးမည်သည်။ ဟောတိ၊ ဖြစ်၏။

ပထမ မဟာနိဗ္ဗာန်ပြီး၏

---

## ဒုတိယ မဟာနိဗ္ဗာန်။

ယဒါ ဒိဋ္ဌိဝိပ္ပယုတ္တာ ကာမတဏှာ သမုစ္ဆိန္နာ ဟောတိ၊ တဒါ သဗ္ဗေ ကာမပုညာဘိသင်္ခါရာစ ကာမသုဂတိဘဝါစ သမုစ္ဆိန္နာ ဟောန္တိ။ တင်္ခဏတော ပဉ္စာယ တဿ ပုဂ္ဂလဿ အနာဂတေ ဘဝါဘဝေသု ကာမပုညာဘိသင်္ခါရေဟိစ ကာမကိလေသဝိဝိတရဂ်သင်္ခါဘိတေဟိ ဒုစ္စရိတဒုရာစာရ ဒုရာဇီဝဗဟုလေဟိ အဋ္ဌာသန္နအပါယဒုဂ္ဂတိဝိနိပါတနဓမ္မေဟိ ကာမသုဂတိဘဝေဟိစ ဝိမောက္ခော ဟောတိ၊ ဣဒံ ဗုဒ္ဓသာသနေ သဥပါဒိသေသံနာမ အသင်္ခတံ ဒုတိယမဟာနိဗ္ဗာနံ ဟောတိ။ ။

ယဒါ၊ အကြင်အခါ၌။ ဒိဋ္ဌိဝိပ္ပယုတ္တာ၊ မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော။ ကာမတဏှာ၊ ကာမတဏှာသည်။ ဝါ၊ ကာမတဏှာကို။ သမုစ္ဆိန္နာ၊ အကြွင်းမဲ့ဖြတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုကာမတဏှာ ဖြတ်ငြိမ်းရာကာလ၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ကာမပုညာဘိသင်္ခါရာစ၊ ကာမကုသိုလ်ဟုဆိုအပ်သော ပုညာဘိသင်္ခါရတို့သည်လည်းကောင်း။ ကာမသုဂတိဘဝါစ၊ ကာမသုဂတိတို့သည်လည်းကောင်း။ သမုစ္ဆိန္နာ၊ အကြွင်းမဲ့ဖြတ်ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တင်္ခဏတော၊ ထိုဒိဋ္ဌိဝိပ္ပယုတ္တတဏှာ ချုပ်ငြိမ်းရာခဏမှ။ ပဉ္စာယ၊ စ၍။ တဿပုဂ္ဂလဿ၊ ထိုကာမတဏှာ ကင်းကွာပြီးသောပုဂ္ဂိုလ်အား။ အနာဂတေ၊ နောင် အနာဂတ်ကာလ၌။ ဘဝါဘဝေသု၊ ဘဝကြီးငယ်အသွယ်သွယ်တို့၌။ ကာမ

www.dhammaransi.com



ပုညာဘိသင်္ခါရေဟိစ၊ ကာမကုသိုလ်ဟုဆိုအပ်သော ပုညာဘိသင်္ခါရတို့မှသည်းကောင်း။ ကာမကိလေသ ဝိဝိတရဂ် သင်္ခေါဘိတေဟိ၊ ကာမဂုဏ်ကိလေသာအဖြာဖြာသော လှိုင်းဂယက်တို့ဖြင့် သွက်သွက်ချန်အောင် တုန်လှုပ်ချောက်ချားကုန်သော။ ဒုစ္စရိတဒုရာစာရ ဒုရာဇီဝ ဗဟုလေဟိ၊ မကောင်းသော လေ့လာမှု, မကောင်းသောကျင့်ကြံမှု, မကောင်းသော အသက်မွေးမှု, များပြားကုန်သော။ ဝါ၊ များပြားသော ဒုစ္စရိတ်မျိုး, ဒုရာစာရမျိုး, ဒုရာဇီဝမျိုး ရှိကုန်သော။ အစ္စာသန္နအပါယ ဒုဂ္ဂတိဝိနိပါတနမ္မေဟိ၊ အလွန်နီးသော အပါယ်ဘေး, ဒုဂ္ဂတိဘေး, ဝိနိပါတနဘေးရှိကုန်သော။ ဝါ၊ အပါယ်ဘေး, ဒုဂ္ဂတိဘေး, ဝိနိပါတနဘေးတို့နှင့်အလွန်ပင်နီးကုန်သော။ ကာမသုဂတိဘဝေဟိစ၊ ကာမသုဂတိဘဝတို့မှလည်းကောင်း။ ဝိမောက္ခာ၊ ကျွတ်လွတ် ငြိမ်းဧတော့သည်။ ဟောတိ၊ဖြစ်၏။ ဣဒံ၊ဤကာမသုဂတိဘဝတို့မှ ကျွတ်လွတ်ငြိမ်းဧခြင်းသည်၊ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားကြီး သာသနာတော်၌။ သဉပါဒိသေသံနာမ၊ ကိလေသာနှင့် ခန္ဓာအကြွင်းရှိသေးသည်အဖြစ်ကြောင့် သဉပါဒိသေသအမည်ရှိသော။ အသင်္ခတံ၊ ပြုပြင်မှုမရှိသော။ ဒုတိယ မဟာနိဗ္ဗာနံ၊ ဒုတိယ နိဗ္ဗာန်ကြီး မည်သည်။ ဟောတိ၊ဖြစ်၏။

ဒုတိယမဟာနိဗ္ဗာန်ပြီး၏။

---

## တတိယ မဟာနိဗ္ဗာန်။

ယဒါ ရူပရာဂ အရူပရာဂ သင်္ခါတာ ဘဝတဏှာ သမုစ္ဆိန္နာ ဟောတိ။ တဒါ သဗ္ဗေ မဟဂ္ဂတပုညာဘိ သင်္ခါရာစ ရူပါရူပဖြဟ္မဘာဝါစ သမုစ္ဆိန္နာ ဟောန္တိ။ တင်္ခဏာတော ပဋ္ဌာယ တဿပုဂ္ဂလဿ ရူပါရူပပုညာဘိသင်္ခါရေဟိစ သဿတုစ္ဆေဒ ဂါဟမာနာတိမာန ဗဟုလေဟိ အနိစ္စ အရူဝဝိပရိဏာမဓမ္မေဟိ ရူပါရူပဘဝေဟိစ ဝိမောက္ခ

www.dhammaransi.com



ဟောတိ။ ဣဒံ ဗုဒ္ဓသာသနေ အနုပါဒိသေသံနာမ အသင်္ခတံ တတိယမဟာနိဗ္ဗာနံ ဟောတိ။ ။

ယဒါ၊ အကြင်အခါ၌။ ရူပရာဂအရူပရာဂသင်္ခါတာ၊ ရူပရာဂ အရူပရာဂဟု ဆိုအပ်သော။ ဘဝတဏှာ၊ ဘဝတဏှာကို။ သမုစ္ဆိန္နာ၊ အကြွင်းမဲ့ဖြတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌၊ သဗ္ဗေ၊ အလုံးစုံကုန်သော။ မဟဂ္ဂတပုညာဘိသင်္ခါရာစ၊ မဟဂ္ဂုတ်ကုသိုလ်ဟုဆိုအပ်သော ပုညာဘိသင်္ခါရတို့သည်လည်းကောင်း။ ရူပါရူပဗြဟ္မဘဝါစ၊ ရူပဗြဟ္မာ၊ အရူပဗြဟ္မာဘဝတို့သည်လည်းကောင်း။ သမုစ္ဆိန္နာ၊ အကြွင်းမဲ့ဖြတ်ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တင်္ခဏတော၊ ထိုရူပရာဂ အရူပရာဂ ချုပ်ငြိမ်းရာခဏမှ။ ပဋ္ဌာယ၊ စ၍။ တဿပုဂ္ဂလဿ၊ ထိုဘဝတဏှာ ချုပ်ငြိမ်းပြီးသော ပုဂ္ဂိုလ်အား။ ရူပါရူပ ပုညာဘိသင်္ခါရေဟိစ၊ ရူပကုသိုလ် အရူပကုသိုလ်ဟု ဆိုအပ်သော ပုညာဘိသင်္ခါရတို့မှရင်း။ သဿတ ဥစ္ဆေဒဂါဟ မာနာတိမာန ဗဟုလေဟိ၊ သဿတအယူ၊ ဥစ္ဆေဒအယူ၊ မာန်မူခြင်း၊ အလွန်မာန်မူခြင်း များပြားကုန်သော။ ဝါ၊ များပြားသော သဿတအယူ၊ ဥစ္ဆေဒအယူ မာန်မူခြင်း၊ အလွန်မာန်မူခြင်းရှိကုန်သော။ အနိစ္စအဓုဝဝိပရိဏာမဓမ္မေဟိ၊ မမြဲခြင်းသဘော၊ မတည်တံ့ခြင်းသဘော၊ ဖောက်ပြန်ခြင်းသဘောရှိကုန်သော။ ရူပါရူပဘဝေဟိစ၊ ရူပဘဝ အရူပဘဝတို့မှလည်းကောင်း။ ဝိမောက္ခော၊ ကျွတ်လွတ် ငြိမ်းဧတော့သည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤရူပဘဝ အရူပဘဝတို့မှ ကျွတ်လွတ်ခြင်းသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်ကြီး၌။ အနုပါဒိသေသံနာမ၊ ကိလေသာခန္ဓာ အကြွင်းမရှိသည် ၏အဖြစ်ကြောင့်။ တတိယမဟာနိဗ္ဗာနံ၊ တတိယ နိဗ္ဗာန်ကြီး မည်သည်။ ဟောတိ၊ ဖြစ်၏။

တတိယမဟာနိဗ္ဗာန်ပြီး၏။

www.dhammaransi.com



## ဘုရားရှင်လက်ထက်တော်၌၊ ပဌမ မဟာနိဗ္ဗာန်သို့ ဆိုက်ရောက်ကြသော နတ်လူတို့သာ များပြားကြောင်းကိုပြဆိုချက်။

ဧတ္ထ စ အသင်္ခတန္တိ တဿာနိဗ္ဗာနဿ ဇရာမရဏာ ဘာဝေန နိပ္ပရိယာပန္နတ္တာ တဒတ္ထာယ ပုနပ္ပု ဘာဝနာကိစ္စာ ဘာဝတော သင်္ခါရဒုက္ခရဟိတံ။ ဧတ္ထ ဗုဒ္ဓကာလေပိ ဒေဝမနုဿာ ပဌမ မဟာနိဗ္ဗာနပတ္တာဧဝ ဗဟုတရာ ဟောန္တိ။ ။ဒုတိယ မဟာနိဗ္ဗာနပတ္တာ အပ္ပကာဝ ဟောန္တိ။ ။တတိယ မဟာနိဗ္ဗာနပတ္တာပန အပ္ပကတရာဧဝ။ ကဿာ ဧကန္တိယဝဿာနံ ရဒုတရဗဟု လတ္တာတိ၊ ဧတ္ထ သဥပါဒိသေသံ ပဌမ မဟာနိဗ္ဗာနံ ပတ္တာသာ တတောပဋ္ဌာယ ဘာဝိတာဝေသု သံသာရန္တဿ သဗ္ဗမိစ္ဆာဒိဋ္ဌိယောစ သဗ္ဗာနိဒုစ္စရိတာနိစ သဗ္ဗာနိအပါယ ဒုက္ခာနိစ နဋ္ဌာနိ၊ဒေဝမနုဿေသု သံသရန္တဿာပိ ဟိန ဘာဝါနာမ နဋ္ဌာနိ၊ပဏီတဘာဝါဧဝအဝသိဋ္ဌာ။ ။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤနိဗ္ဗာန်ဆိုရာစကားရပ်၌။ အသင်္ခတန္တိ၊အသင်္ခတံဟူသည်ကား။ တဿာနိဗ္ဗာနဿ၊ထိုနိဗ္ဗာန်ကြီး၏။ ဇရာမရဏာဘာဝေန၊ အိုရခြင်း သေရခြင်း အလျှင်းမရှိသည်၏ အဖြစ်ကြောင့်။ နိပ္ပရိယာပန္နတ္တာ၊ မြဲခြင်းသဘော, တည် တံ့ခြင်းသဘော, မဖေါက်ပြန်ခြင်းသဘောရှိသည်အဖြစ်ကြောင့်။ တဒတ္ထာယ၊ ထိုနိဗ္ဗာန်အကျိုးငှါ။ ပုနပ္ပုဘာဝနာကိစ္စာဘာဝတော၊ တဘန် မဂ်လေးပါးကို ပွါးများရန်ကိစ္စ မရှိသည်၏အဖြစ်ကြောင့်။ သင်္ခါရဒုက္ခ ရဟိတံ၊ မြိုပြင်ရခြင်းဟူသော သင်္ခါရ ဒုက္ခမှ ကင်းသည်။ ဟောတိ၊ဖြစ်၏။ ဧတ္ထ၊ထိုသုံးမျိုးသောနိဗ္ဗာန်၌။ ဗုဒ္ဓ ကာလေပိ၊ မြတ်စွာဘုရားရှင်လက်ထက်တော်အခါ၌လည်း။ပဌမ မဟာနိဗ္ဗာနပတ္တာဧဝ၊ ပဌမနိဗ္ဗာန်ကြီးသို့သာ ရောက်ကုန်သော။

www.dhammaransi.com



ဒေဝမနုဿာ၊ နတ်လူတို့သည်။ ဗဟုတရာ၊ အထူးသဖြင့်များ ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ဒုတိယမဟာနိဗ္ဗာနပတ္တာ၊ ဒုတိယ နိဗ္ဗာန်ကြီးသို့ရောက်ကုန်သော။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ အပ္ပကာ၊ နည်းကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တတိယ မဟာ နိဗ္ဗာနပတ္တာ၊ တတိယနိဗ္ဗာန်ကြီးသို့ ရောက်ကုန်သော။ ဒေဝ မနုဿာ၊ နတ်လူတို့သည်။ အပ္ပကတရာ၊ အလွန်နည်းကုန်သည်။ ဟောန္တိ။ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဣန္ဒြိယဝေမတ္တံ၊ ဣန္ဒြေတရားတို့၏။ မုဒုတခဗဟုလတ္တာ၊ နူနယ်သူ တို့က အလွန်ပေါများသည် အဖြစ်ကြောင့်တည်း။ ဣတိအယံ၊ ဤသည်ကား။ ပရိဟာရော၊အဖြေတည်း။

(သုံးပါးသောနိဗ္ဗာန်တို့တွင် ကိလေသာနှင့် ခန္ဓာကြွင်းရှိ သေးသောကြောင့် သဥပါဒိသေသ ပထမမဟာနိဗ္ဗာန် ကြီးသို့ ဆိုက်ရောက်သောပုဂ္ဂိုလ်အား ထိုနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်သောဘဝမှစ၍ ဘဝကြီးငယ်တို့၌ကျင်လည် ရသည်ရှိသော် အလုံးစုံသော မိစ္ဆာဒိဋ္ဌိတို့သည်လည်း ကောင်း၊ အလုံးစုံသော ဒုစ္စရိုက်မျိုး အရိက်မျိုးတို့သည် လည်းကောင်း၊ အလုံးစုံသော အပါယ်ဆင်းရဲတို့သည် လည်းကောင်း၊ မရှိကြတော့ပြီ။ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ရသည် ရှိသော်လည်း ယုတ်နိမ့်သော ဘဝတို့ မရှိကြတော့ပြီ၊ မြင့်မြတ်သောဘဝတို့သည်သာလျှင် ရှိကြ ကုန်တော့သည်။)

တတ္ထ သဥပါဒိသေသံ ပထမ မဟာနိဗ္ဗာနံ ပတ္တဿ

တတော ပဋ္ဌာယ ဘဝါဘဝေသု သံသရန္တဿ သဗ္ဗာ မိစ္ဆာဒိဋ္ဌိယော စ သဗ္ဗာနိ ဒုစ္စရိတာနိ စ သဗ္ဗာနိ အပါယ ဒုက္ခာနိ စ နတ္ထိ။ဒေဝမနုဿေသု သံသရန္တဿပိ ဟီန ဘဝါနာမ နတ္ထိ၊ပဏီတဘဝါဧဝ အတ္ထိ။ ။

www.dhammaransi.com



တတ္ထ၊ ထိုသုံးပါးသောနိဗ္ဗာန်တို့တွင်။ သဥပါဒိသေသံ၊ ကိလေသာနှင့်ခန္ဓာ အကြွင်းရှိသေးသောကြောင့် သဥပါဒိသေသအမည်ရှိသော။ ပထမ မဟာနိဗ္ဗာနံ၊ ပထမနိဗ္ဗာန်ကြီးသို့။ ပတ္တဿ၊ ရောက်သောပုဂ္ဂိုလ်အား။ တတော၊ ထိုပထမနိဗ္ဗာန်ကြီးသို့ ရောက်သောဘဝမှ။ ပဋ္ဌာယ၊ စ၍။ ဘဝါဘဝေသု၊ ဘဝကြီးငယ်အသွယ်သွယ်တို့၌။ သံသရန္တဿ၊ ကျင်လည်ရသည်ရှိသော်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ မိစ္ဆာဒိဋ္ဌိယော စ၊ မိစ္ဆာဒိဋ္ဌိတို့သည်လည်းကောင်း။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ဒုစ္စရိတာနိ စ၊ ဒုစ္စရိုက်မျိုး အရိက်မျိုးတို့သည်လည်းကောင်း။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ အပါယဒုက္ခာနိ စ၊ အပါယ်ဆင်းရဲတို့သည်လည်းကောင်း။ နတ္ထိ၊ မရှိကုန်တော့ပြီ။ ဒေဝမနုဿေသု၊ နတ်ပြည်လူ့ပြည်တို့၌။ သံသရန္တဿပိ၊ ကျင်လည်ရသည်ရှိသော်လည်း။ ဟီနဘဝါနာမ၊ ယုတ်နိမ့်သော ဘဝတို့မည်သည်။ နတ္ထိ၊ မရှိကုန်။ ပဏီတဘဝါဧဝ၊ မြင့်မြတ်သောဘဝတို့သည်သာလျှင်။ အတ္ထိ၊ ရှိကုန်၏။

---

## ဒုတိယနိဗ္ဗာန်နှင့် တတိယနိဗ္ဗာန်သို့ ဆိုက်ရောက်ကြသောပုဂ္ဂိုလ်တို့၏ အလားကိုပြဆိုချက်။

> သဥပါဒိသေသံ ဒုတိယမဟာနိဗ္ဗာနံ ပတ္တဿ တတော ပဋ္ဌာယ ကာမဘဝေသု ပဋိသန္ဓိဧဝ နတ္ထိ။ ဥပရိမဂ္ဂံ လဘိတွာ တသ္မိံ ဘဝေဝါ ပရိနိဗ္ဗာယတိ၊ ရူပံ ဘဝေတွာ ဥပရိဗြဟ္မလောကံဝါ ဂန္တွာ တိ၊ အနုပါဒိသေသံ တတိယ မဟာနိဗ္ဗာနံ ပတ္တဿ ပန ပုနဗ္ဘဝေါနာမ နတ္ထိ။ တသ္မိံ ဘဝေဧဝ ပရိနိဗ္ဗာယတိ။ ။

သဥပါဒိသေသံ၊ သဥပါဒိသေသအမည်ရှိသော။ ဒုတိယမဟာနိဗ္ဗာနံ၊ ဒုတိယနိဗ္ဗာန်ကြီးသို့။ ပတ္တဿ၊ ရောက်သော ပုဂ္ဂိုလ်အား။ တတော၊ ထိုဒုတိယနိဗ္ဗာန်သို့ ရောက်သောဘဝမှ။ ပဋ္ဌာယ၊ စ၍။ ကာမဘဝေသု၊ ကာမဘဝတို့၌။ ပဋိသန္ဓိဧဝ၊ ပဋိသန္ဓေနေရခြင်းသည်သာလျှင်။ နတ္ထိ၊ မရှိတော့ပြီ။ ဥပရိမဂ္ဂံ၊ အထက်မဂ်တရားကို။

www.dhammaransi.com



လာဘိတွာ၊ရ၍။ တသွိ ဘဝေဝါ ထိုဘဝ၌မှုလည်း။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်စံရ၏။ ဧဿန်၊ဈာန်ကို။ ဘာဝေတွာ၊ပွါးများ၍။ ဥပရိမြဟ္မ လောကံဝါ၊ အထက်ဗြဟ္မာ့ဘုံသို့မူလည်း။ ဂန္တွာ၊ သွားရလေ၏။ ပန၊တတိယနိဗ္ဗာန်စံပုဂ္ဂိုလ်တို့ကိုဆိုဦးအံ့။ အနုပါဒိသေသံ၊ အနုပါဒိသေသအမည်ရှိသော။ တတိယမဟာနိဗ္ဗာနံ၊ တတိယ နိဗ္ဗာန်ကြီးသို့။ ပတ္တဿ၊ ရောက်သောပုဂ္ဂိုလ်အား။ ပုနဗ္ဘဝေါနာမ၊ တဘန်ဘဝသစ်၌ ဖြစ်ခြင်းမည်သည်။ နတ္ထိ၊မရှိတော့ပြီ။ တသွိ ဘဝေဝ၊ထိုဘဝ၌သာလျှင်။ ပရိနိဗ္ဗာယတိ၊ပရိနိဗ္ဗာန်စံရ၏။

## သံသရာ သုံးကြောင်း သုံးသွယ်ကို ပြဆိုချက်။

၁။ သံသရာသည်ရှိ၏။
၂။ သံသရာဝဋ်သည်ရှိ၏။
၃။ သံသရာဝဋ်ဒုက္ခသည်ရှိ၏။
၄။ သံသရာဝဋ်ဒုက္ခမှ ကျွတ်ခြင်းသည်ရှိ၏။

ထိုတွင်—

၁။ သံသရာ ဆိုသည်ကား၊ တယောက် တယောက်သော သတ္တဝါဟုခေါ်ဝေါ် အပ်သော ခန္ဓာ,အာယတန,ဓာတ်တို့၏ အနမတဂ္ဂသံသရာကာလ၌ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အားဖြင့် မပြတ်မလပ် ဆက်လက်ဖြစ်ပွါးလျက်နေသော အစဉ်သည် သံသရာမည်၏။ ထိုသံသရာသည်—

အောက်သံသရာ,

အလယ်သံသရာ,

အထက်သံသရာ,

ဟူ၍သုံးကြောင်းသုံးသွယ်ရှိ၏။ ထိုတွင်—

အောက်သံသရာ။ ။အပါယ် လေးဘုံ နယ်ပယ်ကြီးသည် အောက်သံသရာမည်၏။

www.dhammaransi.com



အလယ်သံသရာ။ ။လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်သည် အလယ်သံသရာမည်၏။

အထက်သံသရာ။ ။ဗြဟ္မာပြည် နှစ်ဆယ်သည် အထက် သံသရာမည်၏။

---

## သံသရာဝဋ် ၃-ပါး။

၁။ ကိလေသဝဋ်,
၂။ ကမ္မဝဋ်,
၃။ ဝိပါကဝဋ်,

အောက်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး။
အလယ်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး။
အထက်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး။

## အောက်သံသရာ၏ဆိုင်ရာဝဋ် ၃-ပါး။

၁။ ကိလေသဝဋ်ဆိုသည်ကား။ ။အတ္တဒိဋ္ဌိကြီးကိုဆိုသည်။

၂။ ကမ္မဝဋ် ဆိုသည်ကား။ ။အကုသိုလ်ကံဟောင်း,ကံသစ် အနန္တကိုဆိုသည်။

၃။ ဝိပါကဝဋ်ဆိုသည်ကား။ ။ငရဲ, တိရစ္ဆာန်, ပြိတ္တာ,အသုရကာယ်ဟု ဆိုအပ်သော အပါယ်လေး ဘုံသားတို့၏ ခန္ဓာကိုယ်တွေကို ဆိုသည်။

အဘယ့်ကြောင့် အတ္တဒိဋ္ဌိကို အပါယ် သံသရာ၏ ဆိုင်ရာ ကိလေသဝဋ်ဟူ၍ ဆိုသနည်းဟူမူကား။ ။ထိုအတ္တဒိဋ္ဌိ ရှိနေသောသူသည် လူ့ဘုံလူ့ဘဝမှာ ဖြစ်နေသော်လည်း အပါယ် ဘုံသို့ တလဲလဲသာကျရောက်ရ၏။ ထိုအတူ နတ်ဘုံနတ်ဘဝ, ဗြဟ္မာဘုံဗြဟ္မာဘဝမှာ ဖြစ်နေသော်လည်း အပါယ်ဘုံသို့ တလဲလဲ

www.dhammaransi.com



သာကျရောက်ရ၏။ ထို့ကြောင့် အတ္တဒိဋ္ဌိကို အပါယ်သံသရာ၏ ဆိုင်ရာ ကိလေသဝဋ်ဆိုသတည်း။

အဘယ့်ကြောင့် အကုသိုလ် ကံဟောင်း, ကံသစ် အနန္တကို အပါယ်သံသရာ၏ဆိုင်ရာ ကမ္မဝဋ်ဟူ၍ဆိုသနည်း ဟူမူကား။ ။ တယောက်သော သတ္တဝါ၏သန္တာန်မှာ ရှေးရှေးသော ဘဝအနန္တတို့၌ရင်း၊ ယခုဘဝ၌ရင်း၊ အရိုက်အမှားဖြစ်ပွါးခဲ့၍ အတ္တဒိဋ္ဌိ၏ သိမ်းပိုက်ချက်ဖြင့် အတ္တဒိဋ္ဌိ၏လက်ဆုပ်ထဲတွင် ယနေ့ထက်တိုင် ပါရှိ၍နေကြကုန်သော အပါယ်လားကြောင်း အကုသိုလ်ကံဟောင်း အနန္တတို့သည်သည်း ရှိကုန်၏။ နောင် အတ္တဒိဋ္ဌိရှိနေသမျှ ကာလပတ်လုံး ထိုအတ္တဒိဋ္ဌိမှ ဖြစ်ပွါးလတ္တံ့ကုန်သော အပါယ်လားကြောင်း အကုသိုလ်ကံသစ်ပေါင်းအနန္တသည် ကမ္မဝဋ်ဆိုသတည်း။

**အလယ်သံသရာ၏ဆိုင်ရာဝဋ် ၃-ပါး။**

၁။ ကိလေသဝဋ်ဆိုသည်ကား။ ။ကာမ တဏှာကြီးကို ဆိုသည်။

၂။ ကမ္မဝဋ် ဆိုသည်ကား၊ ။လူ့ချမ်းသာ, နတ်ချမ်းသာကို တောင့်တ၍ပြုအပ်သော ဒါနမှု, သီလမှု, ဘာဝနာမှုတို့ကို ဆိုသည်။

၃။ ဝိပါကဝဋ်ဆိုသည်ကား။ ။လူ့ဘုံသား, နတ်ပြည်ခြောက်ထပ် နတ်ဘုံသားတို့၏ ခန္ဓာတို့ကိုဆိုသည်၊

အဘယ့်ကြောင့် ကာမတဏှာကြီးကို ကိလေသဝဋ်ဟူ၍ ဆိုသနည်းဟူမူကား။ ။ထိုကာမတဏှာနှသယကြီး ရှိနေသော သူသည် အထက်ဘဝဂ်ဘုံမှာဖြစ်နေသော်လည်း အောက်လူ့ဘုံ နတ်ဘုံသို့ တလဲလဲသာကျရောက်ရ၏။ ထို့ကြောင့် ကာမတဏှာ

www.dhammaransi.com



နှသယကြီးကို အထက်သံသရာ၏ဆိုင်ရာ ကိလေသဝဋ် ဆိုသတည်း။

ကာမတဏှာကြီးဆိုသည်ကား။

မျက်စိအရသာ အကောင်းကြိုက်၊
နားအရသာ အကောင်းကြိုက်။
နှာခေါင်းအရသာ အကောင်းကြိုက်။
လျှာအရသာ အကောင်းကြိုက်၊
ကိုယ်အင်္ဂါအရသာ အကောင်းကြိုက်။

ဤအကောင်းကြိုက်မှုကြီးငါးပါးကို ကာမတဏှာဟုဆိုသည်။ ကာမဂုဏ်ငါးပါးတို့၌ သာယာသော မက်မောမှုကြီးငါးပါးတို့ပေတည်း။

**အထက်သံသရာ၏ဆိုင်ရာဝဋ် ၃-ပါး။**

၁။ ကိလေသဝဋ်ဆိုသည်ကား။ ။ဘဝတဏှာကြီးကို ဆိုသည်။

၂။ ကမ္မဝဋ် ဆိုသည်ကား။ ။မဟာဂ္ဂုတ် ကုသိုလ်ကိုးပါးကို ဆိုသည်။

၃။ ဝိပါကဝဋ်ဆိုသည်ကား။ ။ရူပဗြဟ္မာ၊ အရူပဗြဟ္မာတို့၏ ခန္ဓာကိုယ်ကိုဆိုသည်။

ဘဝတဏှာဆိုသည်ကား။ ။ဗြဟ္မာတို့၏ သန္တာန်၌ရှိသော စျာန်-အဘိညာဏ် သမာပတ်ဟုဆိုအပ်သော ကမ္မဘဝ၌ သာယာသော တဏှာတပါး၊ ထိုကမ္မဘဝ၏အကျိုး တန်ခိုးဇာဗ္ဗိပါန်တို့၌သာယာသော တဏှာတပါး၊ဤတဏှာနှစ်ပါးကို အထက်သံသရာ၏ဆိုင်ရာ ကိလေသဝဋ်ဆို၏။

ကမ္မဝဋ်ဆိုသည်ကား။ ။ပထမစျာန်ကုသိုလ်, ဒုတိယ စျာန်ကုသိုလ်အစရှိသော ရူပကုသိုလ်ငါးပါး၊ အရူပကုသိုလ်လေးပါး၊ ဤမဟာဂ္ဂုတ်ကုသိုလ်ကိုးပါးကို ကမ္မဝဋ်ဆို၏။

www.dhammaransi.com



သံသာရဝဋ္ဋဒုက္ခတော၊သံသာရဝဋ်
ဒုက္ခဆိုသည်ကား—

၁။ ဇာတိဒုက္ခ၊
၂။ ဇရာဒုက္ခ။
၃။ မရဏဒုက္ခ၊
၄။ သောကဒုက္ခ၊
၅။ ပရိဒေဝဒုက္ခ၊
၆။ ဒုက္ခ-ဒုက္ခ။
၇။ ဒေါမနဿဒုက္ခ။
၈။ ဥပါယာသဒုက္ခ။
၉။ အပ္ပိယသမ္ပယောဂဒုက္ခ။
၁၀။ ပိယဝိပ္ပယောဂဒုက္ခ၊
၁၁။ ဣစ္ဆာဝိဃာတဒုက္ခ၊

ထိုဒုက္ခ၏အကျယ်ကိုမူကား။ ။ဒုက္ခသစ္စာ မူလနိဒ္ဒေသတို့၌ ကြည့်လေ။ ထိုသံသရာဝဋ်ဒုက္ခသည်လည်း။—

အောက်သံသရာ၏ဆိုင်ရာ သံသာရဝဋ်ဒုက္ခတမျိုး။
အလယ်သံသရာ၏ဆိုင်ရာ သံသာရဝဋ်ဒုက္ခတမျိုး။
အထက်သံသရာ၏ဆိုင်ရာ သံသာရဝဋ်ဒုက္ခတမျိုး။

ဟူ၍ ထိုက်သည်အားလျော်စွာ သုံးမျိုးစီရှိကြ၏။

**ဓမ္မဘာသာနိဗ္ဗာန်။**

သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ခြင်းဆိုသည်ကား၊ နိဗ္ဗာန်ကို ဆိုသတည်း။

**နိဗ္ဗာန် ၃-မျိုး။**

ထိုနိဗ္ဗာန်သည်လည်း—

၁-ပထမနိဗ္ဗာန်၊
၂-ဒုတိယနိဗ္ဗာန်၊
၃-တတိယနိဗ္ဗာန်၊

www.dhammaransi.com



ဟူ၍ ၃-မျိုးရှိ၏။ ထိုတွင် ပထမနိဗ္ဗာန်ဆိုသည်ကား။ ။အပါယ်သံသရာ၏ဆိုင်ရာ ဝဋ္ဋဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ၊ချုပ်ငြိမ်းခြင်းကို ပထမနိဗ္ဗာန်ဆို၏။

ဒုတိယနိဗ္ဗာန်ဆိုသည်ကား။ ။လူ့ဘဝ,နတ်ဘဝ အဆက်ဆက်ဟုဆိုအပ်သော အလယ်သံသရာ၏ဆိုင်ရာ ဝဋ္ဋဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို ဒုတိယနိဗ္ဗာန်ဆို၏။

တတိယနိဗ္ဗာန်ဆိုသည်ကား။ ။ရူပ,အရူပဗြဟ္မာဘဝ အဆက်ဆက်ဟုဆိုအပ်သော အထက်သံသရာ၏ဆိုင်ရာ ဝဋ္ဋဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို တတိယနိဗ္ဗာန်ဆို၏။

---

## ပထမနိဗ္ဗာန်။

အတ္တဒိဋ္ဌိနှင့်တကွသောတဏှာကို အကြွင်းမဲ့ ပယ်သတ်အပ်သည်ရှိသော်- ဒုလုံးစုံသော ဒုစ္စရိုက်တို့နှင့်တကွ အပါယ်ဘဝတွေကို ပယ်သတ်ခြင်းကိစ္စ ပြီးစီးလေ၏။ ထိုဒိဋ္ဌိသမ္ပယုတ်တဏှာကို ပယ်သတ်သည်ကအစပြု၍ ထိုပုဂ္ဂိုလ်သည် ဒုစ္စရိုက်ဘေး,အပါယ်ဘေးတို့မှ ကျွတ်လွတ်လေ၏။ ဤဘေးကြီးနှစ်ပါးမှ ကျွတ်လွတ် ငြိမ်းအေးမှုကြီး ကိုပင် ဗုဒ္ဓဘာသာ သာသနာတော်၌ သဥပါဒိသေသ အသင်္ခတပထမ မဟာနိဗ္ဗာန်ကြီးဟူ၍ ဆိုအပ်ပေသည်။ ဤပထမနိဗ္ဗာန်ကြီးသည် ပထမအရိယာ သောတာပန်ပုဂ္ဂိုလ်, ဒုတိယ အရိယာ သကဒါဂါမိ ပုဂ္ဂိုလ် ခံစားအပ်သော နိဗ္ဗာန်ကြီးပေတည်း။

မိမိခန္ဓာ၌ အနတ္တဉာဏ်အမြင် ပေါက်ရောက်၍ အတ္တဒိဋ္ဌိ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းပြီးသောသူသည် ခပ်သိမ်းသော ဒိဋ္ဌိအမှောက်အမှားတို့မှလည်း ကျွတ်လွတ်ကြလေ၏။ ခပ်သိမ်းသော အပါယ်သွားကြောင်း မကောင်းမှု ကံဟောင်း, မကောင်းမှု

www.dhammaransi.com



ကံသင်တို့မှလည်း ကျွတ်လွတ်ကြလေ၏။ နောင်အပါယ်သံသရာ၌ ဖြစ်လတ္တံ့သော အပါယ်ခန္ဓာ၊ အပါယ်ဘဝ အနန္တတို့မှလည်း အတ္တန္တဒိဋ္ဌိ ကျွတ်လွတ်သည်နှင့် တပြိုင်နက် အကြွင်းအကျန်မရှိ ကျွတ်လွတ်ကြလေ၏။ ထိုသူများ၏ခန္ဓာအစဉ်မှာ အပါယ်ဘုံ အပါယ်ဘဝ၊ အောက်ဘုံ အောက်ဘဝသို့ ကျောက မြဲမွေတာ လမ်းကြီးသည်လည်း ပျောက်ကွယ်လေ၏။ မိမိအလိုရှိရာ သုဂတိ ဘုံဘဝ၊ မြင့်သည်ထက်မြင့်ရာ ဘဝအဆက်ဆက်သို့ ဆန်တက် ခြင်းဟူသော မွေတာလမ်းသစ်ကြီးတခုသည်သာ တည်ရှိလေ၏။

လူ့ဘုံ လူ့ဘဝတွင်လည်း သီလသိက္ခာ အလိမ္မာယုတ်ညံ့ သော လူ့ဘဝ၊ စည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါယုတ်ညံ့သော လူ့ဘဝတို့မှလည်း ကျွတ်လွတ်လေ၏။ သီလသိက္ခာ အလိမ္မာ ကြီးမြတ်သော လူ့ဘဝ၊စည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါမြင့်မြတ် သောလူ့ဘဝ၌သာ ဖြစ်ရလေ၏။ နတ်ဘုံနတ်ဘဝတို့၌လည်း၊ ထိုအတူပင်တည်း။

ထိုပထမ နိဗ္ဗာန်၌ တည်သော သူသည် ပုထုဇ္ဇန်အဖြစ်မှ ကျွတ်လွတ်၍ အရိယာ အဖြစ်၌တည်လေ၏။ လောကီဘုံသား အဖြစ်မှကျွတ်လွတ်၍ လောကုတ္တရာဘုံသားအဖြစ်၌ တည်လေ၏။ ပထမနိဗ္ဗာန်ဘုံသားအဖြစ်၌ တည်လေ၏။ ထိုသူသည် လူ့ဘုံ, နတ်ဘုံ,ဗြဟ္မာဘုံတို့၌ ဘဝများစွာ,ကမ္ဘာများစွာသံသရာ၌ ကျင် လည်ရငြားသော်လည်း သံသရာအလျဉ်၌ မြုပ်သောသွားခြင်း, မျောသောသွားခြင်းဟူ၍ မရှိလေပြီ။အတ္တဒိဋ္ဌိ ရှိနေကြသောသူ တို့၏ သံသရာ၌ ကျင်လည်ခြင်းသည် မြစ်ရေအယဉ်၌ ကျရောက် ခြောက်သွေ့သော သစ်တုံးကဲ့သို့ မြုပ်သော ကျင်လည်ခြင်း, မျောသောကျင်လည်ခြင်း ဖြစ်လေ၏။ အတ္တဒိဋ္ဌိအကြွင်းအကျန် မရှိ၊ ကျွတ်လွတ်ကြကုန်သောသူတို့၏ ကျင်လည်ခြင်းမှာမူကား၊ မြုပ်သောကျင်လည်ခြင်း, မျောသောကျင်လည်ခြင်းလည်းမဟုတ်၊ မြစ်ရိုးမြစ်စဉ်တလျှောက်၌ သင်္ဘောကြီးငယ်တို့သည် အလိုရှိရာ

www.dhammaransi.com



ဖြစ်စဉ်တလျှောက်သွားလာ၍ နေကြဘိသကဲ့သို့ မိမိတို့အလိုရှိရာ သုဂတိ ဘုံဘဝ တလျှောက်သို့ သွားလာ၍သာ နေကြကုန်၏။ ဖြစ်လေရာ ဘုံဘဝ၌လည်း လောကီချမ်းသာ, လောကုတ္တရာ ချမ်းသာနှစ်ပါးကို အစုံခံစားရလေ၏။ လူဖြစ်သောဘဝ၌ လူချမ်းသာ, နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သော ချမ်းသာနှစ်ပါးကို စွယ်စုံခံစားရလေ၏။ ထိုတွင် လူ့ချမ်းသာကိုခံစားမှုကား၊ ထင်ရှားသိသာပြီ။ နိဗ္ဗာန်ချမ်းသာကို အဘယ်သို့ခံစားသနည်းဟူမူကား။

## နိဗ္ဗာန်ချမ်းသာခံစားပုံ။

ဒုစ္စရိုက်မှုကို ပြုကျင့်၍နေသောသူများကို မြင်ရကြားရသည် ရှိသော်-ဤသူများသည် ဒုစ္စရိုက်အမှုကိုပြုကြပေ၏။ အပါယ်သို့ ကျရှာကြရလိမ့်မည်။ ငါ့မှာဤကဲ့သို့သော ဒုစ္စရိုက်မှ ဘဝအဆက်ဆက် လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ခြင်းကြီးစွာ ဖြစ်ရလေ၏။ ခွေး,ဝက်,ကြက်,ငှက်,အစရှိသော အပါယ်ဘုံသား သတ္တဝါများကို တွေ့မြင်ရာ၌ ဤသတ္တဝါများသည် ဆင်းရဲတွင်းကြီးနက်နဲ့လေစွ၊ ငါ့မှာ-ဤကဲ့သို့သော အပါယ်ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ခြင်းကြီးစွာဖြစ်ရလေ၏။ ။ဤကားနိဗ္ဗာန်ချမ်းသာကို ခံစားရပုံတည်း။

ဤ၌ လောကီချမ်းသာမှာ မျက်မြင်ဒိဋ္ဌဖြစ်ကြ၍ အလွန်ကြီးကျယ်ကောင်းမြတ်သည်ဟု ထင်ကြတတ်၏။ နိဗ္ဗာန်ချမ်းသာမှာ လွတ်ငြိမ်းမှုဖြစ်၍ အထည်ဝတ္ထုကိုမမြင်ရသောကြောင့် ကြီးမြတ်သည်ဟု မထင်တတ်ကြ။ ထိုသို့ကားမဟုတ်၊ လောကီချမ်းသာတို့ထက် လွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်းသာသည် ကြီးကျယ်မြင့်မြတ်၏။လေးကျွန်းလုံးကို အစိုးရသော စကြာမင်းဘတ်မင်းတို့၏ စည်းစိမ်ချမ်းသာထက် ငရဲဘဝမှအစဉ်ထာဝရ လွတ်ငြိမ်းမှုသည် အဆသိန်းသန်းကုဋေ မရေတွက်နိုင်အောင်ကြီးမြတ်၏။ ထို့အတူ နတ်မင်းကြီး, သိကြားမင်းကြီး, ဗြဟ္မာမင်းကြီးတို့၏ လောကီ စည်းစိမ်ချမ်းသာထက် အဆသိန်းသန်းကုဋေ မရေတွက်နိုင်အောင်

www.dhammaransi.com



ကြီးမြတ်၏။ မြတ်စွာဘုရား သာသနာတော်ကြီးကို တွေ့ကြုံလို သည်ဟု လွန်မင်းစွာတောင့်တကြရာ၌ လောကီချမ်းသာအတွက် နှင့် တောင့်တကြရသည်မဟုတ်၊ ဤလွတ်ငြိမ်းမှုဟူသော နိဗ္ဗာန် ချမ်းသာအတွက်နှင့်သာ တောင့်တကြရကုန်၏။

ဤကား၊ ပထမနိဗ္ဗာန်ဘုံသူ, ပထမနိဗ္ဗာန်ဘုံသားတို့၏ ပထမ နိဗ္ဗာန်ချမ်းသာကို ခံစာရပုံတည်း။

ပထမနိဗ္ဗာန်ပြီး၏။

---

## ဒုတိယနိဗ္ဗာန်။

အကြင်အခါ၌ ဒိဋ္ဌိနှင့်မယှဉ်သော ကာမတဏှာကိုအကြွင်းမဲ့ ပယ်သတ်အပ်၏။ ထိုအခါ ကာမသုဂတိဘုံတို့၌ အသစ်ဖြစ်ပေါ် လတ္တံ့သောဘဝတို့ကို ပယ်သတ်ခြင်းကိစ္စ ပြီးစီးလေတော့၏။ ကာမတဏှာဟူသမျှတို့ကိုလည်း ပယ်သတ်ခြင်းကိစ္စ ပြီးစီးလေ တော့၏။ ထိုပုဂ္ဂိုလ်သည် နောင်အနာဂတ်အခါ ကာမဂုဏ်နှင့် စပ်သော ကိလေသာလှိုင်းတံပိုးတို့ဖြင့် ပြုံးပြွမ်းသော ဒုစ္စရိုက် ဒုရာဇ်ဝဘေး, အပါယ်လေးပါးဘေး ကာမသုဂတိ ဘဝတို့မှ ကျွတ်လွတ်လေ၏။ ဤကျွတ်လွတ်မှုကြီးကို ဗုဒ္ဓသာသနာတော်၌ သဉပါဒိသေသဒုတိယနိဗ္ဗာန်ကြီးဟူ၍ ခေါ်ဆိုအပ်သည်။(တတိယ အရိယာအနာဂါမ်ပုဂ္ဂိုလ်တို့ခံစားအပ်သော ိဗ္ဗာန်ကြီးပေတည်း။)

ကာမတဏှာကြီးကို ပယ်ဖြတ်ခြင်း၌ လူ့ခန္ဓာ,နတ်ခန္ဓာတို့၏ ဒုက္ခအချက်တို့ကို ထင်လင်းစွာကြည့်ရှုရာ အနာဂါမိမဂ်ကိုရ သဖြင့် ထိုကာမတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်း လေ၏၊ ကာမတဏှာကြီး ချုပ်ငြိမ်းသည်နှင့်တပြိုင်နက် လူ့အဖြစ်, နတ်အဖြစ်ကို ပေးနိုင်သော ကုသိုလ်ကမ္မ ဘဝတို့ သည်လည်း ကောင်း၊ လူ့ခန္ဓာ,နတ်ခန္ဓာ အဆက်ဆက်တို့သည်လည်းကောင်း၊ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏၊လူ့ခန္ဓာ,နတ်ခန္ဓာတို့၏ ဒုက္ခအချက်ကိုမြင်ရာ၌ ဥပမာကား—

www.dhammaransi.com



## မစင်သေတ္တာ-ဥပမာ။

မစင်ဘင်ပုပ်သေတ္တာကြီးတခုသည် ရှိလေရာ၏။ ထိုသေတ္တာ၏ ပြင်ပ၌ အနီ,အဝါစသောဆေးအမျိုးမျိုး၊ ပိုး,ဖဲ,ကတ္တီပါအစရှိသော အထည်အမျိုးမျိုး ချယ်လှယ်လျက်ရှိ၏။ အတွင်း၌မူကား မစင်ဘင်ပုပ်တွေ အပြည့်ရှိ၏။ ဘီလူးကြီး, သူရဲကြီး, သဘက်ကြီး သုံးကောင်လည်းရှိ၏။ အဆိပ်ထန်သော မြွေဆိုး, ကင်းဆိုး, အမျိုးမျိုးလည်းရှိလေ၏။ မစင်ဘင်ပုပ်ကို စားသောက်၍ နေသော ပိုးလောက်တွေလည်း အပြည့်ရှိသေရာ၏။ ဤဥပမာ၌- ကာမဘုံသားတို့၏ ခန္ဓာသည် မစင်ဘင်ပုပ်တို့ဖြင့် ပြည့်သော သေတ္တာကြီး ငယ်နှင့်တူ၏။ တဏှာ, မာန, ဒိဋ္ဌိသုံးပါးသည် သေတ္တာတွင်း၌ ရှိသော ဘီလူးကြီး, သူရဲကြီး, သဘက်ကြီး သုံးကောင်နှင့် တူ၏။ ကျန်ရှိသောကိလေသာအများသည် ထိုသေတ္တာတွင်း၌ရှိနေသော အဆိပ်ထန်သော မြွေဆိုး,ကင်းဆိုး အမျိုးမျိုးနှင့်တူ၏။ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ-စသော ဒုက္ခအချက်များသည် ထိုသေတ္တာတွင်း၌ မစင်ဘင်ပုပ်တို့ကို စားနေကြသော ပိုးလောက်အများနှင့်တူ၏။

ဤကား၊ လူ့ခန္ဓာ,နတ်ခန္ဓာတို့၌ ဒုက္ခထင်ပြင်ပုံတည်း။
ဒုတိယနိဗ္ဗာန်ပြီး၏။

---

## တတိယ နိဗ္ဗာန်။

အကြင်အခါ ရူပဘုံ၌ တပ်မက်သော ရူပရာဂ၊ အရူပဘုံ၌ တပ်မက်သော အရူပရာဂ၊ ဤတဏှာနှစ်ပါးကို အကြွင်းမဲ့ပယ်သတ်အပ်၏။ ထိုအခါ ရူပဖြစ်ဖွာဘဝ, အရူပဖြစ်ဖွာဘဝတို့ကို ပယ်ခြင်းကိစ္စပြီးစီးလေ၏။ ထိုအခါမှစ၍ နောင်အနာဂတ်ကာလ၌ ထိုပုဂ္ဂိုလ်သည်—

www.dhammaransi.com



သဿသဘာဒိဋ္ဌိဘေးကြီး,
ဥစ္ဆေဒဒိဋ္ဌိဘေးကြီး,
မာနဘေးကြီး,
အနိစ္စဘေးကြီး,

တို့ဖြင့် နှိပ်စက်သော ရူပဘဝ,အရူပဘဝတို့မှ ကျွတ်လွတ်လေ၏။ အလုံးစုံသော ကိလေသာဘေးကြီးတို့နှင့်တကွ အလုံးစုံသောဘုံဘဝဘေးကြီးတွေမှ ကျွတ်လွတ်လေ၏။ ဤကျွတ်လွတ်မှုကြီးကို ဗုဒ္ဓသာသနာတော်၌ အနုပါဒိသေသ အသင်္ခတ မဟာနိဗ္ဗာန်ကြီးဟူ၍ ဆိုအပ်သည်။ (စတုတ္ထအရိယာ ရဟန္တာအရှင်မြတ်တို့ခံစားအပ်သော နိဗ္ဗာန်ကြီးပေတည်း။)

ဘဝတဏှာကြီးကို ပယ်ဖျောက်ခြင်း၌ ဖြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်ကြီးကို ထင်လင်းစွာ ကြည့်ရှုကြလေရာ၏။ အရဟတ္တမဂ်ကိုရသဖြင့် ဘဝတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။ ဘဝတဏှာကြီး ချုပ်ငြိမ်းသည်နှင့်တပြိုင်နက် ဖြဟ္မာအဖြစ်ကိုပေးနိုင်သော ကုသိုလ်ကမ္မဘဝတို့သည်လည်းကောင်း၊ ဖြဟ္မာခန္ဓာအဆက်ဆက်တို့သည်လည်းကောင်း၊ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏။ ဖြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်ကို မြင်ရာ၌ ဥပမာကား–

## ဖွဲ့သေတ္တာ-ဥပမာ။

ဖွဲ့သေတ္တာကြီးတခုသည် ရှိလေရာ၏။ ထိုဖွဲ့သေတ္တာကြီး၏ အပြင်ပ၌ အနီ,အဝါစသော ဆေးအမျိုးမျိုး၊ ပိုး,ဖဲ,ကတ္တီပါ အစရှိသောအထည်အမျိုးမျိုး၊ ချယ်လယ်လျက်ရှိ၏။ အတွင်း၌မူကား ဖွဲကြမ်းတွေလည်းရှိ၏။ ဘီလူးကြီး, သူရဲကြီး, သဘက်ကြီး သုံးကောင်လည်းရှိ၏။ အဆိပ်ထန်သော မြွေဆိုး, ကင်းဆိုး, အမျိုးမျိုးလည်းရှိ၏။ ဖွဲကြမ်းတွေကို စားသောက်၍နေသော ပိုးမျိုးလည်းအပြည့်ရှိ၏။ ဤဥပမာ၌- ဖြဟ္မာတို့၏ ခန္ဓာသည် ဖွဲနှင့်ဖွဲကြမ်းတို့ဖြင့်ပြည့်သော သေတ္တာကြီးငယ်နှင့်တူ၏။ တဏှာ,

www.dhammaransi.com



မာန, ဒိဋ္ဌိသုံးပါးတို့သည် ထိုသေတ္တာတွင်း၌ရှိသော ဘီလူးကြီး, သူရဲကြီး, သဘက်ကြီး သုံးကောင်နှင့်တူ၏။ ထိုမှတပါးသော ကိလေသာဘာရေးများသည် သေတ္တာတွင်း၌ရှိနေသော အဆိပ်ထန်သော မြွေဆိုး,ကင်းဆိုး, အမျိုးမျိုးနှင့်တူ၏။ ဇာတိ, ဇရာ, မရဏာဒုက္ခများသည် ထိုသေတ္တာတွင်း၌ ဖွဲ့နှဖွဲ့ကြမ်းတို့ကို စားနေကြသော ပိုးမျိုးနှင့်တူ၏။ ပြဟ္မာခန္ဓာသည် ဖွဲ့နှဖွဲ့ကြမ်းတို့ဖြင့် ပြည့်သော သေတ္တာကြီးနှင့်တူပုံကား၊ ဖွဲ့ကြမ်းမည်သည် ဘယ်ဟာမှ အသုံးမကျ၊ ပိုးစာ,မွှားစာ,မီးစာမျှသာဖြစ်လေ၏။

ထိုအတူ ဤသတ္တဝါများသည် အနမတဂ္ဂသံသရာ၌ ဘဝခန္ဓာကိုရခဲ့ကြသည်မှာ အနန္တရှိကြလေပြီ၊သို့သော် အပါယဒုက္ခတခုကိုမျှသာဖြစ်၍ ကုန်ဆုံးခဲ့လေ၏။ ထို့ကြောင့် ပြဟ္မာခန္ဓာသည် ဖွဲ့ကြမ်းသေတ္တာကြီးနှင့်တူလှ၏။

ဤကား၊ပြဟ္မာခန္ဓာတို့၌ ဒုက္ခထင်ပုံတည်း။

တတိယနိဗ္ဗာန်ပြီး၏။

---

ဤနိဗ္ဗာန် သုံးရပ်တို့တွင် ယခုအခါ ဗုဒ္ဓဘာသာ သာသနာအတွင်း၌ ပထမနိဗ္ဗာန်ကို ရခြင်း၌ါ အလွန်အရေးကြီးလှ၏။ ထိုနိဗ္ဗာန်ကိုလည်း ယခုလူ့ဘဝ၌သော်လည်း ရနိုင်သောအခွင့်ကာလရှိနေ၏။ နတ်ပြည်သို့ရောက်၍ နတ်ဘဝ၌သော်လည်း၊ ရနိုင်သောအခွင့်ကာလရှိနေ၏။ ဘုရားသာသနာကြီးနှင့် တွေ့ကြုံပါလျက် ဤပထမနိဗ္ဗာန်ကိုမျှ မရခဲ့သည်ရှိသော် ဗုဒ္ဓုပ္ပါဒဒုလ္လဘကို တွေ့ကြုံရပါလျက် လိုရင်းအကျိုးကိုမရဘဲ ရှိရလေ၏။ ယခုကာလ၌ လူအများတို့သည် မိမိတို့ကိုယ်ကို ယခုဘုရားသာသနာတွင်းမှာ နိဗ္ဗာန်ကိုမရနိုင်ကြကုန်ပြီ၊ နောက်အရိမေတ္တေယျ မြတ်စွာဘုရားသာသနာသို့ ရောက်မှ ရနိုင်ကြလိမ့်မည်ဟု မှတ်ထင်လျက်ရှိကြကုန်၏။ ထိုမှတ်ထင်ချက်သည် နိယတ ဗျာဒိတ်ရပြီးသော

www.dhammaransi.com



ပုဂ္ဂိုလ်တို့မှာသာလျှင်း မှတ်ထင်ချက်အတိုင်း ရနိုင်ကြကုန်လတ္တံ့။ နိယတဗျာဒိတ်ကို မရဘူးသော အနိယတ ပုဂ္ဂိုလ်တို့မှာမူကား မှတ်ထင်ချက်အတိုင်း ရနိုင်ကြရန် အလွန်ခဲယဉ်းလှ၏။

## ခဲယဉ်းပုံကား။

ယခု ဘုရားသာသနာ ကွယ်လွန်ပြီးသည့်နောက် မေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူရာကာလသည် အလွန်ဝေးကွာလျက် ရှိသေး၏။ လူ့ဘဝပေါင်း နတ်ဘဝပေါင်း သိန်းသောင်းများစွာ ကျင်လည်ကြရသော်သည်း ထိုမြတ်စွာဘုရားသာသနာသို့ ရောက်နိုင်ကြမည် မဟုတ်သေး၊ စပ်ကြား၌လည်း သာသနာပ အဓိက်တောကြီးမှာ ကျင်လည်ကြရလိမ့်မည်။ အဏ္ဏဝဒီဂြိုကြီးဘင်းလင်းနှင့် ထိုအဓိက်တောကြီးအတွင်းမှာ ဘဝပေါင်းများစွာ ကျင်လည် ရသည့်ရှိသော် အပါယ်ဘုံသို့ ဘဝပေါင်းမည်မျှ ကျရလိမ့်မည် မသိ၊အပါယ်ဘုံသို့ တကြိမ်တခါကျခဲ့ပြန်လျှင်လည်း ပြဆိုခဲ့ပြီး သော ခဠ္ဍဓမ္မတာလမ်းကြီးအတိုင်း အပါယ်နယ်မှာပင် ဘဝပေါင်း သိန်းသောင်းများစွာ ကျင်လည်၍နေရသည့်ရှိသော် ထိုမြတ်စွာ ဘုရား သာသနာတော်နှင့် တွေ့ကြုံရန် အဝေးကြီးဝေးကွာ၍နေကြ ရလိမ့်မည်မသင်၊ဤကား ပညာရှိတို့အထူးစဉ်းစားကြရန် အချက် ကြီးပေတည်း။

## ကြွေကြွေမွှမွှနတ်တက်ရအောင် ကျက်မှတ်ကြရန်။

၁။ စတ္တာရော၊လေးပါးကုန်သော။မဟာဘူတာ၊မဟာဘုတ် တို့ ဟူသည်ကား။

ပထဝီ၊မြေလည်းတပါး၊
အာပေါ၊ရေလည်းတပါး။
တေဇော၊မီးလည်းတပါး။
ဝါယော၊လေလည်းတပါး။

ဣမေ၊ ဤလေးပါးတို့ပေတည်း။

www.dhammaransi.com



တတ္တ၊ ထိုလေးပါးတို့တွင်။ ကက္ခဠတ္တဘာဝေါ၊ ခက်မာသော သဘောသည်လည်းကောင်း။ မုဒုဘာဝေါ၊ နူးညံ့သောသဘော သည်လည်းကောင်း။ ပထဝီ၊ပရမတ်နှစ် မြေအစစ်ပေတည်း။ အာဗန္ဓနံ၊ ဖွဲ့စေးမှုသည်လည်းကောင်း။ ပဂ္ဃရဏံ၊ယိုစီးမှုသည် လည်းကောင်း။ အာပေါ၊ပရမတ်နှစ် ရေအစစ်ပေတည်း။ ဥဏှ ဘာဝေါ၊ ပူသောအဖြစ်သည်လည်းကောင်း။ သီတဘာဝေါ၊ အေးသောအဖြစ်သည်လည်းကောင်း။ တေဇော၊ပရမတ်နှစ် မီး အစစ်ပေတည်း။ ဝိတ္ထမ္ဘနံ၊ထောက်ကန်တောင့်တင်းမှုသည်လည်း ကောင်း။ သမုဒီရဏံ၊ လှုပ်ကြွ ရွေ့ရှားမှုသည်လည်းကောင်း။ ဝါယော၊ပရမတ်နှစ် လေအစစ်ပေတည်း။

မြေ, ရေ, လေ, မီး ခေတ်ကြီးလေးပါးကို အသီးအသီး ပရမတ် ခေတ်ဉာဏ်ပေါက်အောင် လင်းပြပေအံ့။

## ပရမတ်နှစ် မြေခေတ်စစ်။

ပရမတ်နှစ်မြေခေတ်စစ်ဆိုသည်ကား။ ခက်မာသော အမှု အရာ အခြင်းအရာကြီးသာမျှသာတည်း။ အကျုမြူကို အစိတ် တသိန်းစိတ်၍ တစိတ်စာမျှ အခဲအကျိတ် အဆန်အမာ အထည် ဒြဗ်ဟူ၍မရှိ။ အလွန်ကြည်လင်လှစွာသော မြစ်ရေချောင်းရေ စိမ့်ရေစမ်းရေတို့၌ရင်း၊ နေရောင်လရောင် ကြယ်ရောင်မီးရောင် ပတ္တမြားရောင်တို့၌ရင်း၊ အနီး,အဝေး ပြန့်နှံ၍ သွားသော ခေါင်းလောင်းသံ ကြေးစည်သံစသည်တို့၌ရင်း၊ လေပြေလေညှင်း လေပြင်းမုန်တိုင်းတို့၌ရင်း၊ အဝေး,အနီး ပြန့်နှံလွင့်ပါး၍သွားသော အမွှေးနံ့,အပုပ်နံ့တို့၌ရင်း၊ ထိုပရမတ်ခေတ်မြေသည် အပြည့်ပါ ရှိ၏။ အထည်ဝတ္ထုဟူ၍မရှိ၊ ခက်မာသောအမှုအရာ သက်သက် မျှသာဖြစ်သော ထိုမြေခေတ်သည်လည်း လွန်ကဲသောခက်မာမှုကို သောက်၍ နုံ့သောခက်မာမှုကို နူးညံ့သည်ဟုဆိုရသည်။

ထို့ကြောင့်ဝရဇိန်ကျောက်သွား၌ရှိသောခက်မာမှုကိုအလွန်ဆုံး ထား၍ လရောင်ကြယ်ရောင် ကလာပ်၌ရှိသောခက်မာမှုကိုအနုံ့ဆုံး

www.dhammaransi.com



ထား၍ စင်ကြား၌ ခက်မာမှုအဆင့်ဆင့်, နူးညံ့မှုအဆင့်ဆင့်ဖြစ်၍ နေသော ထိုမြေဓာတ်၏အလားကို သိရမည်။ ဤမြေဓာတ်၌ ခက်မာခြင်း လက္ခဏာဆိုသည်ကို သရမတ်သဘောနှင့် ကြည့်ရမည်။ ပကတိလူတို့၏အမှတ်သညာနှင့် မကြည့်ရ။ ။ပကတိလူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော် လချောင်ကြယ်ချောင် စသည့်တို့၌ ခက်မာသောအမှုကို မတွေ့နိုင်ရှိလိမ့်မည်။ ထိုခက်မာသော အခြင်းအရာကြီးယားသဘော သက်သက်မျှသာဖြစ်သော ပရမတ်မြေဓာတ်သည် အာပေါဟူသော ပရမတ်စေးဘွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်း ကုဋေသိန်းသောင်း ပေါင်းဘွဲ့မိသည်ရှိသော် အဏုမြူတခုဟူသော ဝဏ္ဏအထည်ဒြပ်ဖြစ်၏။ အဏုမြူပေါင်း ကုဋေသိန်းသောင်း ပေါင်းဘွဲ့မိသည်ရှိသော် ကြမ်းပိုးဖြစ်၏။

ထိုမှအဆင့်ဆင့်ပွါး၍ သတ္တဝါတွင် ယူဇနာလေးထောင်ရှစ်ရာရှိသော အသုရိန်နတ်ကြီးတိုင်အောင် ဗဟိဒ္ဓသန္တာန်တွင် ယူဇနာရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီး၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီး တိုင်အောင်သိလေ။ သန်းအစရှိသောအဏုမြူအစရှိသော သက်ရှိသက်မဲ့ ရုပ်ရခဲ ဟူသမျှတို့၌ ခက်မာခြင်း ဟူသော ဤမြေဓာတ်သည် အထည်ခံအမာခံဖြစ်သတည်း။ ဤမြေဓာတ်မှတပါး အထည်ဝဏ္ဏရကောင်းသောဓာတ်မရှိ၊ ရေဓာတ်, မီးဓာတ်, လေဓာတ်, တို့သည်လည်း မြေဓာတ်၌ တွယ်ကြရကုန်သည်။ ဤသို့မြေဓာတ်၏ ကိစ္စကြီးကျယ်ဟန်ကိုသိရမည်။

## မြင့်မိုရ်တောင်နှင့် မဟာပထဝီမြေ။

မြင့်မိုရ်တောင်ကြီး တခုလုံး၌ရင်း၊ မဟာပထဝီမြေကြီး တခုလုံး၌ရင်း၊ ပရမတ်မြေဓာတ်သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမျှအထည်ဒြပ်မရှိ၊ ခက်မာသော အခြင်းအရာ ကြီးယားသဘောသက်သက်ကို ကွက်ခြား၍ကြည့်ရသည်။ အဏုမြူမျှ

www.dhammaransi.com



အထည်ဒြပ်မရှိဘဲ မှန်ထဲ၌ထင်သောအရိပ်ကြီးကဲ့သို့ ရေထဲ၌ ထင်သော အရိပ်ကြီးကဲ့သို့ မြင်လိမ့်မည်။ အဏုမြူမှုလောက် အရှည်အတို အကြီးအငယ် အခဲအမာ ထင်၍လာလျှင် ပရမတ် မြေအစစ် မဟုတ်ပြီ၊ သဏ္ဌာန ပညတ်ဒြပ် အထည်နှင့်ရောပြီ၊ သဏ္ဌာန ပညတ်ဒြပ် အထည်နှင့် ရောခဲ့လျှင် ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲနေတတ်သည်။ မြင့်မိုရ်တောင်မဟာ ပထဝီမြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သောအခါ၌ပင် အခဲ အကျိတ်အထည်ဝတ္ထု အဏုမြူမှု မရောမယှက်ဘဲ ပရမတ်အစစ် အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဓာတ်သက်သက်ကို ထင်မြင် အောင်ရှုနိုင်သူအား ထိုအောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ်ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင်ရှုရှု အလွန် လွယ်လှတော့သည်။ မှန်၌ထင်သောအရိပ်, ရေ၌ထင်သောအရိပ် သစ်ပင်ရိပ်, ဟောင်ရိပ် အစရှိသော အရိပ်တို့သည် မြင့်မိုရ်တောင် မျှပင် ကြီးမားစွာထင်မြင်ရငြားသော်လည်း အဏုမြူမှု အထည်ဒြပ် မရှိသည့် အတွက်ကြောင့် ပျောက်ခွင့် ပျက်ခွင့် ဆိုက်ခဲ့လျှင် မျက်တောင်တခတ် လျှပ်တပြက်အတွင်းမှာပင် အကြိမ်တရာမက ပျောက်နိုင် ပျက်နိုင် သကဲ့သို့၊ ထို့အတူ မြင့်မိုရ်တောင်နှင့်အမျှ ပြန့်နှံ့ကြီးကျယ်၍နေသော ထိုပရမတ်မြေဓာတ်သည်လည်း တရ တည်းသော ပရမတ်ဆန် ပရမတ်ခဲဟူ၍ အဏုမြူမှု မရှိသည့် အတွက် မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ် တရာမက ပျောက်ပျက်ကွယ်ပနိုင်ရသော အရိပ်နိမိတ်ထင်မြင် နိုင်လိမ့်မည်။ မိမိကိုယ်၌ ထိုပရမတ်စစ်ဖြစ်သော မြေဓာတ်ကို အလင်းပေါက်အောင် ကြည့်ရှုသောအခါ ဉာဏ်ဝံ့နိုင်သလောက်ရုံ ဉာဏ်ဝါးနိုင်သလောက်ရုံ ပိုင်း၍ပိုင်း၍ကြည့်။

## ဦးခေါင်းကိုပိုင်း၍ကြည့်ပုံ။

ဦးခေါင်းကိုပိုင်း၍ ကြည့်သောအခါ အတွင်းပြင် မခြားမနား ထုတ်ခြင်းပေါက်အောင်ကြည့်။ မြေဓာတ်မဟုတ်သော အဆင်း

www.dhammaransi.com



ဓာတ် ချုပ်၍ နေတတ်သည်။ သဏ္ဌာနပညတ် ဖြစ်အထည် ကြီးလည်းချုပ်၍နေတတ်သည်။ ဉာဏ်ကို ကြပ်ကြပ်လှုပ်၍ပေးသော၊ ခြေဘဝါးတိုင်အောင် အောက်အဘို့ရကိုလည်း ဉာဏ်နှိုင်ရုံနှိုင် ရုံပိုင်း၍ကြည့်။ တကိုယ်လုံးစပ်မိသောအခါ ဉာဏ်ကို ဦးထိပ်က နေ၍ ရွယ်လိုက်လျှင် ခြေဘဝါးတိုင်အောင် ထုတ်ခြင်းပေါက် ထွင်း၍ သွားလိမ့်မည်။ မိမိကိုယ်ခန္ဓာတခု၌ ဓာတ်ပေါက်အောင် မြင်ခဲ့လျှင် စကြဝဠာအနန္တ,ကမ္ဘာအနန္တ၌ရှိသမျှသော သတ္တဝါ ခန္ဓာစုအကုန်လုံး ဓာတ်ပေါက်ပြီးဖြစ်တော့သည်။ ဤပရမတ် မြေဓာတ် တခုပေါက်၍သွားလျှင် ကြွင်းသောရေဓာတ်,မီးဓာတ်, လေဓာတ်, စက္ခု, သောတ-စသော အဇ္ဈတ္တိကဓာတ်၊ ရူပ,သဒ္ဒ စသော ဗာဟိရဓာတ်စုရှုနည်း၊ ဘောက်နည်း၊ အလွန်လွယ်၍ ကုန်တော့သည်။

ဤတွင်ရွေ့ကား၊ ပထဝီဟူသော မြေဓာတ်ကို ဓာတ်ဉာဏ်
ပေါက်အောင် ရှုနည်းအဖြွက်ပြီး၏။

---

## ပရမတ်နှစ် ရေဓာတ်စစ်။

ပရမတ်နှစ်ရေဓာတ်အစစ်ကား။ ။တွယ်မှု, ကပ်မှု, ဘွဲ့စေး မှုသည်သာလျှင် ပရမတ်ရေဓာတ်အစစ်တည်း။ ထိုတွယ်မှု, ကပ်မှု,ဘွဲ့စေးမှုဟူသော ပရမတ်ရေဓာတ်သည် ထက်သန်ခြင်းသို့ ရောက်သည်ရှိသော် စိုစွတ်ခြင်း, ယိုစီးခြင်းဟူသော ပဿရဏ ရေဓာတ်ဖြစ်လေ၏။ ထိုတွယ်မှု,ကပ်မှု,စေးမှုဟူသော အာဗန္ဓန ကြိယာ သက်သက်မျှသာဖြစ်သော ပရမတ်ရေအစစ်သည်လည်း အဏုမြူကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်စာမျှ အခဲ အကျိတ် အဆန်အမာ အထည်ဒြပ်ဟူ၍ မရှိ၊တွယ်ကပ်ဘွဲ့စေး ခြင်း ကြိယာအမူအရာ သက်သက်မျှသာတည်း။ ထိုတွယ်မှု, ကပ်မှု, ဘွဲ့စေးမှုဟူသော ပရမတ်ရေဓာတ်သည် မြေဓာတ်၊ မီးဓာတ်၊ လေဓာတ်သုံးပါးတို့ကို တခုထဲ တသားထဲကဲ့သို့

www.dhammaransi.com



နေအောင် ဘွဲ့နှောင်စည်းကြပ်ပေသည့်ဖြစ်၍ ကလာပ်တု မဟာဘုတ်တို့သည် တပါးကိုတပါး အားပြုခွင့်ရကြကုန်သည်။တပါးကိုတပါး ထောက်ပံ့ခွင့်ရကြကုန်သည်။ ဘွဲ့နှောင်စည်းကြပ် ချုပ်ထိန်း၍နေသော ရေဓာတ်ချုပ်ကွယ် ပျောက်ပျက်ခဲ့သည်ရှိသော် ထိုဓာတ်ကြီး သုံးပါးတို့သည် အစည်းပြည်ပျက်၍ ခဏခြင်း ပျောက်ပျက် ကွယ်ဆုံးကြလေကုန်၏။ ဤကား ကလာပ်တခုတည်း၌ ရေဓာတ်၏ကျေးဇူးကို ဆိုသောစကားရပ်တည်း။

လောက၌ ပဌမာဏမြူမှစ၍ သတ္တဝါ၌ အသူရိန်နတ်ကြီးဟု ဆိုအပ်သော ရုပ်တုံး ရုပ်ခဲကြီး တိုင်အောင် ဗဟိဒ္ဓ၌ မြင့်မိုရ်တောင်ကြီး၊စကြဝဠာတောင်ကြီး၊ မဟာပထဝီမြေကြီးတိုင်အောင် သဏ္ဍာန်ကြီးငယ် အထည်ဒြဗ်အနေနှင့် ရုပ်တရားတို့ အကျိတ်အခဲ အတုံးအခဲ ဖြစ်၍နေကြမှုသည်လည်း ဤရေဓာတ်၏ကျေးဇူးပင်တည်း၊ ဤရေဓာတ်မှတပါး အကျိတ်အခဲဖြစ်အောင် ဘွဲ့စည်းသောဓာတ်ဟူ၍ မရှိပြီ၊ ရှစ်သောင်းလေးထောင် နှစ်ပြန်ခေါင်သော မြင့်မိုရ်တောင်ကြီး၌ရှိသော ဘွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင့်မိုရ်တောင်ကြီးသည် ယခုခဏခြင်း ကွယ်ပျောက်ရာ၏။ ရှစ်သောင်းနှစ်ထောင် နှစ်ပြန်ခေါင်သော စကြဝဠာတောင်ကြီး၌ရှိသော ဘွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ထိုစကြဝဠာတောင်ကြီးသည်ယခုခဏခြင်း ကွယ်ပျောက်ရာ၏။ မဟာပထဝီမြေကြီး၌ရှိသော ဘွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ဤမဟာပထဝီမြေကြီးသည် ယခုခဏခြင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏။ အဘယ်ကြောင့်နည်းဟူမူ ဘွဲ့စည်းမှုဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် မြင့်မိုရ်တောင် စကြဝဠာတောင် သိလာပထဝီ ဖြစ်၍နေသော တခဲနက်သော ပရမတ်မြေ၊ပရမတ်မီး၊ပရမတ်လေတို့သည် တပါးကိုတပါး ထောက်ခံမှု၊မှီတွယ်မှု အစည်းအရုံး ခဏခြင်း ကင်းလွတ်ကြလေကုန်၏။ နိဗ္ဗာန်မှတပါးသော သင်္ခတလက္ခဏာရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ခံမှု၊မှီတွယ်

www.dhammaransi.com



မှုနှင့် ကင်း၍ မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောမည်သည် မရှိလေကုန်။ မြင့်မိုရ်တောင်ကြီး စကြဝဠာတောင်ကြီး မဟာပထဝီမြေကြီးတို့၌ ပရမတ်ရေဓာတ် သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည်ရှိသော် ခက်မာမှု ဟူသော မြေဓာတ်နှင့်မရောစေမူ၍ ဖွဲ့စည်းမှုဟူသော ရေဓာတ်မှု သက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ အဆင်းသဏ္ဌာန် အထည်ဒြဗ်ပလည်းရခံ၍ နေတတ်သည်။ (ကြည့်ရှုသော ဓမ္မ ဝဝတ္ထာနဉာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြဗ်ပရခံ၍ နေခဲ့လျှင် နောက်၌ဖြစ်မှုပျက်မှုကို ရှုသောအခါ မသင်နိုင်ဘဲနေတတ်သည်။) ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကိုမြင်နိုင်သည်။

မြေဓာတ်၌ ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှုသက်သက်ဟုဆိုအပ်သော ရေဓာတ်အမြင်စင်ကြယ်သောအခါ မြင့်မိုရ်မဟာပထဝီတခုလုံး၌ အကျိတ်အခဲ အဆန်အမာမရှိသည့် အတွက် မှန်ထဲရေထဲမှာ ထင်မြင်ရသော မိုဃ်းရိပ်တိမ်ရိပ် နေဝန်းလဝန်း အရိပ်သစ်ပင်တို့ကဲ့သို့ ဖွဲ့စည်းမှုဟူသော အာပေါ လက္ခဏာကြီး ထင်မြင်လိမ့်မည်။ မြင့်မိုရ်တောင် မဟာပထဝီ တို့၌ ထင်မြင်နိုင်သောအခါ လူနတ်ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့၌ ထင်မှုမြင်မှု အလွန်လွယ်လှတော့သည်။ သတ္တဝါသဏ္ဌာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်၊ မြင့်မိုရ်မဟာပထဝီတို့က ချီ၍ ပြလိုက်သည်မှာ သတ္တဝါသဏ္ဌာန်၌ ထင်လွယ်မြင်လွယ်အောင် ချီလိုက်သည်။ မိမိသဏ္ဌာန်၌ ဦးခေါင်းခြေဘဝါး ထုတ်ချင်း ပေါက်အောင်ထင်လင်းပြီးမှ သူတပါးသဏ္ဌာန်ပကိုလည်း ထိုအတူ ထုတ်ချင်းပေါက်အောင်ရှုလေ။

ဤတွင်ရွေ့ကား၊ အာပေါဟူသော ရေဓာတ်ကို
ထုတ်ပေါက်အောင် ရှုနည်းအဖွင့်ပြီး၏။

www.dhammaransi.com



## ပရမတ်နှစ်-မီးဓာတ်အစစ်။

ပူမှုအေးမှုဟူသော အမှုအရာ ကြိယာမှုသက်သက်သည် ပရမတ်နှစ် မီးဓာတ်စစ်မည်၏။ ပူမှုအေးမှုဟူသည်လည်း ကလာပ်တုမဟာဘုတ် သုံးပါးတို့ကို ရင့်မာ သန်စွမ်းအောင် ပေါင်းနွေးမှုပေတည်း။ အပူစွမ်းအအေးစွမ်း နှစ်ပါးစုံသည်ပင်လျှင် ကလာပ်တုမဟာဘုတ်တို့ကို ရင့်မာအောင် ထက်သန်အောင် အသီးအသီးအစွမ်းသတ္တိနှင့် ပြည့်စုံကြအောင် ပေါင်းနွေးမှုရှိသည်ချည်းဖြစ်သည်။ အမိဝမ်းမှအစ၍ မြဲခဲ့တည်ရှိသော ကြက်အုတို့သည် အမိဖြစ်သူကြက်မက မပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ရောက်သဖြင့် ပေါက်သွားနိုင်သည်။ အမိကြက်မက မဝပ်ဘဲ အငွေ့မပေးဘဲနေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ၊ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့အကုန်တွင် ပုပ်ခြင်းသို့ရောက်လေတော့သည်။

ဤအခတု တေဇောဟူသော ဤမီးဓာတ်သည် အမိကြက်မနှင့်တူသည်။ အတုတကွဖြစ်သော မြေဓာတ်, ရေဓာတ်, လေဓာတ်, ဤဓာတ်ကြီးသုံးပါးတို့သည် ကြက်အုနှစ်တို့နှင့် တူကြကုန်သည်။ မီးဓာတ်နှင့်အတူတွဲဘက်ရမှ မြေဓာတ်ဟူသော ခက်မာမှုသည် အောင်မြင်စွာဖြစ်နိုင်သည်။ ရေဓာတ်ဟူသော ဖွဲ့စည်းမှုသည်လည်း အောင်မြင်စွာဖြစ်နိုင်သည်။ လေဓာတ်ဟူသောအဝှန်အဝါမှုသည်လည်း အောင်မြင်စွာဖြစ်နိုင်သည်။ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာ မဖြစ်နိုင်ကြကုန်။ မဟာသမုဒ္ဒရာရေ၊ သီတာရေ၊ ကမ္ဘာကိုခံသောရေတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွါးတို့သာတည်း။ သီတဓာတ်မီး၏ အုပ်စိုးချက်နှင့် ဆက်လက်ဖြစ်ပွါးကာနေကြရကုန်သည်။ မြင့်မိုရ်တောင် စကြဝဠာတောင် သီလာပထဝီမြေကြီးတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွါးတို့သာတည်း။ တပါးသောဓာတ်တို့နှင့် မရောနှောစေဘဲ မီးဓာတ်သက်သက်ကိုရှုသောအခါ အေးသောဝတ္ထုတို့၌ အေးမှုသက်သက်ကို

www.dhammaransi.com



ရှုရမည်။ ပူသောဝတ္ထုတို့၌ ပူမှုသက်သက်ကိုရှုရမည်။ အဆင်းသဏ္ဌာန် အထည်ဖြစ်ပညတ်နှင့် ရော၍မနေစေနှင့်။ ပူမှုအေးမှုဟူသော ဤပရမတ်မီးဓာတ်၌ အဆန်အမာဟူ၍ အဏုမြူမျှ မရှိသည့်အတွက်ကြောင့် ဤမီးဓာတ်ကို အမြင်စင်ကြယ်သော အခါလည်း ရေကြည်မှန်ကြည်စသည်တို့၌ နေဝန်း,လဝန်း,အရိပ်, တိမ်ရိပ် မိုးယံရိပ်တို့ကဲ့သို့ ဉာဏ်အမြင်မှာသာ ကြီးကျယ်၍ အထည်ဖြစ်မရှိကြောင်း ထင်ရှားလိမ့်မည်။ မိမိကိုယ်ကိုရှုသော အခါ ဉာဏ်နှင့်ရုံပိုင်း၍ပိုင်း၍ရှု၊ မိမိကိုယ်မှာ အလင်းထင်မြင် နိုင်လျှင် သဗ္ဗာဝါအနန္တမှာပင် ကောင်းတော့သည်။

ဤတွင်ရွေ့ကြား၊တေဇောဟူသောမီးဓာတ်ကို
ပရမတ်ဓာတ်ဉာဏ်ပေါက်အောင်
ရှုနည်းအမြွက်မျှပြီး၏။

---

## ပရမတ်နှစ် လေဓာတ်အခန်း။

မီးတောက်မီးနိုး၏ အတွင်း၌ မီးဓာတ်၏ အာနုဘော်ကြောင့် မီးဓာတ်ကိုပင် အစဉ်ဖြစ်ပွါး၍ သွားနိုင်အောင် လှုံ့ဆော်ချီး ပင့်မှုဟူသော ဝါယောဓာတ်သည်ပါရှိ၏။ ထိုဝါယောအတွက် ကြောင့် မီး၏ပြန့်ပွါးခြင်း, မီးရှိန်၏ပြန့်ပွါးခြင်း, မီးရောင်၏ပြန့်ပွါး ခြင်း, မီးတောက်၏လူလူဘက်ပွါးခြင်း, အခိုးထွက်ခြင်း, အဆင့် ဆင့်မီးကူးခြင်းအစရှိသော မီးဓာတ်၏ပြန့်ပွါးစည်ကားမှုတို့သည် ထင်ရှားဖြစ်ကုန်၏သို့၊ ထိုအတူ ဝါယောမည်သော ဤလေဓာတ် သည် ပူမှုအေးမှုဟူသော မီးဓာတ်အရှိန်အဝှန်ပေတည်း။ မီးစာ ရှိရာ၌ အနည်းငယ်ချထားသောမီးသည် ထိုအရှိန်အဝှန်ကြောင့် မီးစာရှိသမျှ အကုန်ပြန့်ပွါးနိုင်သည်။ မီး၏အတွင်းအရှိန်အဝှန်ညံ့၍ မပွါးတဲ့နိုင် မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့်ယပ်၍ ပြောင်းနှင့် မှုတ်၍ အပကာအရှိန်အဝှန်ကူရသေးသည်။ ပူမှုရှိလျှင် ပူရှိန်ပူဟုန်

www.dhammaransi.com



ရှိမြဲ၊ အေးမှုရှိလျှင် အေးရှိန်အေးဟုန်ရှိမြဲ၊ ပူမှုအေးမှုကားတခြား၊ အရှိန်အဟုန်ကားတခြား၊ ပူမှုအေးမှုကား ပရမတ်မီးဓာတ်တည်း။ အရှိန်အဟုန်ကား ပရမတ်လေဓာတ်တည်း။

ထိုအရှိန်အဟုန်ဟူသော လေဓာတ်သည် ကလာပ်တူဖြစ်သော မြေဓာတ်, ရေဓာတ်, မီးဓာတ်တို့၏ အားခွန်ဗလလည်းမည်၏။ ထိုအရှိန်အဟုန်ပွါးရာ ကလာပ်တူ မဟာဘုတ် ရုပ်ကလာပ်တို့သည် ဖြစ်ပေါ်၍လိုက်ရကုန်၏။ ထိုအဟုန်အဟုန်သည် အလွန်ထက်သန်သည်ရှိသော် လေပြင်းမုန်တိုင်းဖြစ်လေ၏။ ထိုအဟုန်အဟုန်သည် လေမွှေရာ, လေခေါင်းအုံး စသည်တို့ကဲ့သို့ ထောက်ကန်ကောင့်တင်းမှု, ချီးပင့်ထမ်းဆောင်မှုဖြစ်၍ ဝိတ္ထမ္ဘန လက္ခဏာဟု ကျမ်းဂန်တို့၌ဆိုပေသည်။ မြင့်မိုရ်တောင် စကြဝဠာတောင် သီလာပထဝီစသည်တို့၌ရှိသော သီတဓာတ်မီးသည် ထိုအဟုန်အဟုန်ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွါးများ၍ ကမ္ဘာပျက်သည်တိုင်အောင် ရုပ်ကလာပ်အဆက်ဆက်တို့ကို ပွါးများစေနိုင်သည်။ (မြင်အောင်ကြည့်။)

## ဝါယောလှုံ့ဆော်မှု။

ဟဒယဝတ္ထု၌ ဖြစ်ပေါ်သော တခုတခုသောစိတ်ကြောင့် ခဏခြင်းခဏခြင်း တကိုယ်လုံး စိတ္တဇရုပ်ကလာပ်ပြန့်နှံ့ဖြစ်ပွါးမှု, ဥတုဇရုပ်ကလာပ်တို့ပြန့်နှံ့ဖြစ်ပွါးမှု, ဝမ်းထဲသို့ရောက်သော အစာအာဟာရဓာတ်တို့၏ တကိုယ်လုံး အနှံ့အပြား ပြန့်နှံ့ဖြစ်ပွါးမှု, ကလလရေကြည်မှစ၍ သတ္တဝါတို့၏အစဉ်အဆက်ိုင်း တိုးပွါးစည်ကားမှု, အညွန့်အညှောက်ပေါ်ပေါက်သည်မှစ၍ သစ်ပင်ခြုံမြက်တို့အစဉ်အတိုင်း တိုးပွါးစည်ကားမှု တို့သည်လည်း ဝါယောလှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း။ မြင့်မိုရ်တောင် စကြဝဠာတောင် မဟာပထဝီမြေကြီးမှစ၍ သက်ရှိသက်မဲ့အလုံးစုံတို့ကို ရှုရှု ထင်အောင်ကြည့်လေ။ မိမိကိုယ်မှစ၍ အကုန်လုံးနှံ့အောင်ကြည့်။ ဦးထိပ်မှစ၍ ခြေဖဝါးတိုင် အလင်းပေါက်

www.dhammaransi.com



အောင်ကြည့်၊ ဤပရမတ်နှစ် လေဓာတ်စစ်သည်လည်း အဆန် အမာဟူ၍ အလျှာမြူမျှမရှိသည့်အတွက်ကြောင့် ရေထဲမှန်ထဲ၌ ထင်သော လူရိပ်စသည်ကဲ့သို့ ထင်မြင်လိမ့်မည်။ မျက်စိတွင် မြင်နေကြဖြစ်သော အဆင်းသဏ္ဌာန် အထည်ဒြဗ်ပညတ်ကြီး ချိခံ၍ နေတတ်သည်။ အဟုတ်မရှိသော ထိုပညတ်ကို ဉာဏ်ဖြင့် မှုတ်လွှင့်၍ပစ်လေ။

ဤတွင် ရွေ့ကား၊ ဝါယောဟူသော လေဓာတ်ကို
ဓာတ်ပေါက်အောင်ရှုနည်းပြီး၏။

---

## မြေ, ရေ, မီး, လေ-ဟူသော ဓာတ်ကြီးလေးပါးတို့၏ အချင်းချင်း ဖွဲ့တွယ်ကြပုံ၊ တပါးပျက်လျှင် အကုန်လုံး ပျက်ကြပုံကို ပြဆိုလိုက်ဦးအံ့။

ခက်မာမှု၊ ဖွဲ့စည်းမှု၊ ပေါင်းနွေးမှု၊ အရှိန်အဟုန်မှု၊ ဤလေး ခုသောအခြင်းအရာ အမူအရာကြိယာကြီးတို့သည် သဘော လက္ခဏာအားဖြင့် အသီးအသီးထင်ရှားကြကုန်၏။ တည်ရာဌာန အားဖြင့် ခက်မာမှုကို မတယ်ပြု၍ တရထည်းကဲ့သို့ တည်ကြ ကုန်၏။ ဖြစ်အတူ ပျက်အတူ တည်အတူတို့သာတည်း၊

ခက်မာမှုဟူသော မြေဓာတ်ပျက်ဆုံးလျှင် တည်ရာမရှိသည် ဖြစ်၍ ကြွင်းသောဓာတ်သုံးပါးလည်း ပျက်ဆုံးရတော့သည်။ ထိုအတူ ဖွဲ့စည်းမှုဟူသော ရေဓာတ်ပျက်ဆုံးလျှင်လည်း အဖွဲ့ အစည်းပျက်သဖြင့် တပါးနှင့်တပါး ထောက်ပံ့မှု ကင်းကြ၍ အကုန်လုံးပျက်ဆုံးကြတော့သည်။ ပေါင်းနွေး၍ ထက်သန်အောင် ပြုမှုဟူသော မီးဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်းသောဓာတ်သုံးပါး တို့သည် မိမိတို့သဘောအတိုင်း ပြည့်စုံစွာမတည်နိုင်ကြ၍ အကုန်လုံးပျက်ဆုံးကြတော့သည်။ ကြံ့ခိုင်တောင့်တင်းမှုဟူသော လေဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်းသောဓာတ်တို့သည် အား

ပြတ်၍ ပျက်ဆုံးကြကုန်တော့သည်။ မီးဟူသော ပူမှုအေးမှုသည် လှုံ့ဆော်မှု တလူလူဆောင်ရွက်ခြင်းဟူသော လေဓာတ်နှင့်တွဲရမှ ဖြစ်နိုင်သည်။ လေဓာတ်မရှိလျှင် အားပြတ်၍ ခဏာခြင်းကွယ်ဆုံး လေ၏၊

ထို့အတူ ခက်မာမှုဟူသော မြေဓာတ်သည်လည်း ခက်မာခြင်း ကြီးယာကို ကြံ့ယံ့ ဘင်းရင်းအောင် ချီးပင့်သော လေဓာတ် မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။ ဘွဲ့စည်းခြင်းဟူသော ရေဓာတ်သည်လည်း ဘွဲ့တွယ်ခြင်းကြီးယာကို ကြံ့ယံ့တင်း ရင်းအောင် ချီးပင့်သောလေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံး လေ၏။ ဤကား အခြင်းအရာကြီးလေးပါးတို့၏ အချင်းချင်းမှီတွယ် ကြပုံ၊ တပါးပျက်လျှင် အကုန်လုံးပျက်ကြပုံကို ပြဆိုလိုက်သော အချက်တည်း။

ဤဓာတ်ကြီးလေးပါးကို သဘောပိုင်နိုင်စွာ ဉာဏ်အမြင်ပေါက် ရောက်ပါလျှင် ပထမမဟာနိဗ္ဗာန်သို့ လွယ်ကူစွာဆိုက်ရောက် နိုင်ကြကုန်လတ္တံ့။ ထိုဓာတ်ကြီးလေးပါးတို့၌ အချုပ်အချာ ဦးစီး ဦးကိုင်ကား တေဇောပေတည်း။ စကြဝဠာ ကမ္ဘာမြေရေနှင့် တကွ ရုပ်သဏ္ဌာန်နှင့်စပ်သော သက်ရှိသက်မဲ့ အလုံးစုံသည် တေဇော၏အစီးအပွါးချည်းတည်း။ ဓာတ်မီး၏အစီးအပွါးချည်း တည်း။ တေဇောဟူသောဓာတ်မီး၏ ဇုဂုပ္ပါဒ်တန်းခိုးအကျိုး သွားကို ဘုရားသဗ္ဗညုတို့၏ ဉာဏ်တော်သည်သာ မှီနိုင်ရာ သတည်း။

ဓာတ်ဉာဏ်ပေါက်အောင်ရှုနည်းပြီး၏။

---

## ခြောက်မျိုးသော ဓာတ်ကြည်ဓာတ်လင်း၊ မှန်ကြည်မှန်လင်း ကိုယ်တွင်းအပြည့် ချယ်လယ်ပုံပြဆိုချက်။

ပသာဒေါ၊ အကြည်။ မဏ္ဍော၊ အကြည်။ အစ္ဆော၊ အကြည်။ ။ အကြည်ဟောသဒ္ဒါပု။ ။ထိုသဒ္ဒါတို့တွင် မဏ္ဍသဒ္ဒါ၏ နာမသတ်

www.dhammaransi.com



အနက်ကိုယူ၍ ဖန်မန်ဟူသောစကားဖြင့် မန်ဟူ၍ဆိုသည်။ ထိုမန်ကိုပင် ယခုကာလမှန်ဟူ၍ ဆိုကြသည်၊ ထိုမှန်သည်—

ဥတုဇဓာတ်မှန်၊
ကမ္မဇဓာတ်မှန်၊

ဟူ၍-နှစ်မျိုးရှိ၏။

ရန်ကုန်မြို့-မန္တလေးမြို့တို့၌ မှန်တန်းမှာလုပ်အပ်သော မှန်ရုပ်၊ မျက်မှန်-မှန်ပြောင်းမှန်ရသည် ဥတုဇဓာတ်မှန်ရပေတည်း။ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်အတွင်း၌ ဖြစ်သောမှန်ရသည် ကမ္မဇဓာတ်မှန်ရပေတည်း။

## ကမ္မဇဓာတ်မှန်။

ထိုကမ္မဇဓာတ်မှန်သည်—

စက္ခုခေါ်သောဓာတ်မှန်,
သောတခေါ်သောဓာတ်မှန်,
ဃာနခေါ်သောဓာတ်မှန်,
ဇိဝှါခေါ်သောဓာတ်မှန်,
ကာယခေါ်သောဓာတ်မှန်,
မနောခေါ်သောဓာတ်မှန်,

ဟူ၍-ခြောက်မျိုးအပြားရှိ၏။

စက္ခုဓာတ်မှန်သည် မျက်လုံးအိမ်တွင်း၌တည်၏။ သောတဓာတ်မှန်သည် နားတွင်း၌တည်၏။ ဃာနဓာတ်မှန်သည် နှာခေါင်းတွင်း၌တည်၏။ ဇိဝှါဓာတ်မှန်သည် လျှာအပြင်၌တည်၏။ ကာယဓာတ်မှန်သည် တကိုယ်လုံးအပြည့်အနှံ့တည်၏။ မနောဓာတ်မှန်သည် နှလုံးအိမ်၌တည်၏။ ဤအကြည်ဓာတ် ၆-မျိုးကိုရှု၍ ထင်မြင်သော ယောဂီပုဂ္ဂိုလ်အား ဤခန္ဓာကိုယ်ကြီးသည် အလွန်ကြည်လှစွာသော ဖန်တုံးဖန်တိုင်ကြီး, မှန်တုံးမှန်တိုင်ကြီးနှင့် အလွန်တူလှ၏။ (ဤအကြည်ဓာတ် ၆-မျိုးကိုပင် သဗ္ဗညုတဉာဏ်ဒွါရ သင်္ဂဟ၌ ဒွါရဟုခေါ်သည်။)

www.dhammaransi.com



ဒွါရဆိုသည်လည်း—

အာကာသဒွါရ၊

မဏ္ဍာဒွါရ၊

ဟူ၍-နှစ်မျိုးအပြားရှိ၏။

ဘုန်းရှိသောသူတို့၏အိမ်၌ ထံခါးနှစ်မျိုးရှိ၏။ အိမ်တွင်းအိမ်ပြင် ထွက်ဝင်ရန် အပေါက်ထံခါး, လေဝင်ရန် လေသာပြူတင်းပေါက် ထံခါးဟူ၍ အပေါက်ထံခါးတမျိုး။ အပေါက်ကားမရှိ၊ မှန်ချပ် တပ်၍ထားသော အကြည့်ထံခါး၊အလင်းထံခါးတမျိုး။ ထို ၂-မျိုး တို့တွင် မှန်ချပ်တပ်၍ထားသော အကြည့်ထံခါး၊ အလင်းထံခါး၏ ကိစ္စမှုကား၊ထိုမှန်ချပ်မျက်နှာစာ၌ အဝေးအနီးတွင် ရှိရှိသမျှသော နေ,လနက္ခတ် တာရာတိမ်တိုက် တိမ်ဘောင် ကောင်းကင်မြေပြင် ချေပြင်တောတောင် သစ်ပင်,အိမ်ရာ,ကျောင်းကန်ဘုရား စေတီ အစရှိသော အဆောက်အဦတို့သည် မိမိတို့သဏ္ဌာန်အတိုင်း မှန်ချပ်အပြင်မှာထင်လာရကုန်၏။

အိမ်တွင်း၌နေကြကုန်သော အိမ်သူအိမ်သားတို့သည် အိမ် တွင်း၌နေလျက်ပင် ထိုမှန်ချပ်မှာ ထင်လာသမျှသော နေဝန်း သဏ္ဌာန် လဝန်းသဏ္ဌာန် နေရောင်လရောင်အစရှိသော အလုံးစုံ တို့ကို အကုန်အစင်မြင်ရကုန်၏။ အိမ်ပြင်ကနေ၍ ထိုမှန်ထံခါးဖြင့် အိမ်တွင်းသို့ ကြည့်ပြန်လျှင်လည်း အိမ်တွင်း ရှိရှိသမျှ အကုန် မြင်ရ၏။ ထိုမှန်ထံခါးမှာ နေရောင်လရောင်မီးရောင်တို့သည် မှန်၏ အဘော်သဟဲဘ်ကြ်ဘော်သည်။ လူနတ်ခန္ဓာ နွား, ကျွဲ, ဆင်, မြင်း, ခန္ဓာတို့မှာလည်း ထိုနည်းတူမြင်အောင်ရှု။

ထိုထံခါးနှစ်မျိုးအပြည့်ရှိသော အိမ်ကြီးနှင့်အလားတူ ဤတခုခု သော လူ့ခန္ဓာ-နတ်ခန္ဓာ နွား,ကျွဲ,ဆင်,မြင်း,ကြက်,ငှက်,စသော ခန္ဓာပုမှာလည်း အာကာသထံခါးတမျိုး, မဏ္ဍမှန်ထံခါးတမျိုး ဟူ၍ နှစ်မျိုးစီရှိကြ၏။

www.dhammaransi.com



## အာကာသတံခါး။

အာကာသတံခါးဆိုသည်ကား—

ခံတွင်းပေါက်၊ လည်ချောင်းပေါက်၊ နှာရည်ထွက်သော နှာခေါင်းပေါက်၊ မျက်ရည်ထွက်သော မျက်စိပေါက်၊ အစရှိသော ဒွါရကိုးပေါက်ဟူ၍ ဆိုအပ်သော အပေါက်ရ ကိုးသောင်းကိုးထောင်သော မွေးညှင်းပေါက်ရသည် အာကာသတံခါးမျိုးရတည်း။

ဆိုခဲ့ပြီးသော—

စက္ခုအကြည်၊
သောတအကြည်၊
ဃာနအကြည်၊
ဇိဝှါအကြည်၊
ကာယအကြည်၊
မနောအကြည်၊

တည်းဟူသော အဇ္ဈတ္တကမ္မဇ ဓာတ်မှုန်မျိုးတို့သည်ကား၊ အာကာသတံခါးပေါက်မဟုတ်၊ မှုန်ချပ်တွေနှင့် အလားတူသော မှုန်ပေါက်, အကြည်ပေါက်, အလင်းပေါက်တို့ပေတည်း။

### နန်းအိမ်-ဥပမာ။

ကမ္မဇဓာတ်မှုန် ခြောက်မျိုးတို့၏ကိစ္စ။ ။ကမ္မဇဓာတ်မှုန် ခြောက်မျိုးတို့၏ကိစ္စမှုကား၊ အမိုးအကာ လေသာပြူတင်းအလုံးစုံ ဖန်မှန်အတိပြီးသော နန်းအိမ်ကြီးသည်ရှိ၏။ အလယ်၌ အတုမရှိ အလွန်ကြည်သော ဖန်လုံးမှန်လုံးတခုလည်းရှိ၏။ ထိုနန်းအိမ်ကြီးမှာ အထက်ကောင်းကင်တခွင်လုံး၌ ရှိနေကုန်သော တိမ်တိုက်တိမ်လွှာ နေလနက္ခတ်တာရာအပေါင်းတို့သည်ရင်း၊ ကောင်းကင်၌ ပျံသွားသောငှက်တို့သည်ရင်း၊ အထက်အမိုးရှိ မှန်ချပ်တို့မှဝင်၍ အိမ်တွင်းရှိမှန်လုံးမှာ အကုန်ပေါ်ကြကုန်၏၊ အထက်အမိုးမှန်ချပ်ရမှာ နေဝန်းလဝန်းတခုစီ၊ အိမ်တွင်းရှိမှန်လုံးမှာ နေဝန်းတခုလဝန်းတခု

www.dhammaransi.com



ပေါ်၏။ ထိုအတူ အထက်ကောင်းကင်၌ ရှိသမျှသော ဝတ္ထု တို့သည် အမိုးမှန်ချပ်တို့၌ရင်း၊ အိမ်တွင်းမှန်လုံး၌ရင်း၊ တပြိုင်နက် တချက်ထည်း ပေါ်ကြကုန်၏။

ထိုအတူ အရှေ့အရပ်၌ရှိသမျှသော ဝတ္ထုတို့သည် အရှေ့နံရံ ပြူတင်းမှန်ချပ်တို့၌ရင်း၊ အိမ်တွင်းရှိမှန်လုံး၌ရင်း၊ တပြိုင်နက်ပေါ် ကုန်၏။ အနောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အနောက် နံရံ ပြူတင်းမှန်ချပ်တို့၌ရင်း၊ အိမ်တွင်းရှိမှန်လုံး၌ရင်း၊ တပြိုင်နက် ပေါ်ကုန်၏။တောင်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် တောင်နံရံ ပြူတင်းမှန်ချပ်တို့၌ရင်း၊ အိမ်တွင်းရှိမှန်လုံး၌ရင်း၊ တပြိုင်နက်ပေါ် ကုန်၏။ မြောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် မြောက်နံရံ ပြူတင်းမှန်ချပ်တို့၌ရင်း၊ အိမ်တွင်းရှိမှန်လုံး၌ရင်း၊ တပြိုင်နက်ပေါ် ကုန်၏။ အောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အောက် ကြမ်းပြင်မှန်ချပ်ရ၌ရင်း၊ အိမ်လယ်၌မှန်လုံးတခု၌ရင်း၊ တပြိုင်နက် ပေါ်ကြကုန်၏။

## နန်းအိမ်ကြီးနှင့်ခန္ဓာကိုယ်တူပုံ။

ဤနန်းအိမ်ကြီးအလားတူ ဤကိုယ်ခန္ဓာ၌လည်း မနောဟူသော အကြည်ဓာတ် မှန်လုံးကြီးသည် နှလုံးအိမ်တွင်း၌တည်၏။ ထိုမနော ဟူသော အကြည်သည်သာလျှင် တသျှမ်းသျှမ်းတလက်လက် ပြိုးပြိုး ပြက်တောက်ထွန်း၏။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ဤစိတ်ဟူသောဓာတ်သည်။ ပဘဿရံ၊ တထိန်ထိန်တလက်လက် ပြိုးပြိုးပြက်ရှိ၏"။ အဟိတ်စိတ်ပင် ဖြစ်သော်လည်း အသက် ထက်ဆုံး တွေ့ဘူးသမျှ-ကြားဘူးသမျှကို အောက်မေ့လို၍ ရှေးရှု ပြုလိုက်လျှင် အလိုရှိရာအာရုံ ဝတ္ထုအမှုကိစ္စရသည် ထိုစိတ် အကြည်မှာ ထင်လာပေါ်လာရသည်။ အဟိတ်ဟူသော မနော အကြည်ထက် ဒွိဟိတ်မနောက သာလွန်၍ကြည်သည်။ ဒွိဟိတ် မနောအကြည်ထက် တိဟိတ် မနောအကြည်က သာလွန်၍ ကြည်သည်။

www.dhammaransi.com



ဘုံအားဖြင့်—

ဘုံအားဖြင့် လူတိုးပတ်မနောထက် ဘုမ္မိုးမနောကသာလွန်၍ ကြည်သည်။

ထို့ထက် တာဝတိံသာမနော။
ထို့ထက် ယာမာမနော။
ထို့ထက် တုသိတာမနော။
ထို့ထက် နိမ္မာနရတိမနော။
ထို့ထက် ပရနိမ္မိတဝသဝတ္တိမနော။

ဤသည်ဖြင့် အထက်ဘဝဂ်တိုင်အောင် အဆင့်ဆင့်သိလေ။

ပုဂ္ဂိုလ်အားဖြင့်—

ပုထုဇ္ဇန် သာမန်ထက် ပကတိသာဝကဗောဓိ အလောင်းမနော။
ထို့ထက် မဟာသာဝကဗောဓိအလောင်းမနော။
ထို့ထက် အဂ္ဂသာဝကဗောဓိအလောင်းမနော။
ထို့ထက် ပစ္စေကဗောဓိအလောင်းမနော။
ထို့ထက်သမ္ဗုဒ္ဓဗောဓိအလောင်းတော်ကြီးများမနော။

က သာလွန်၍ကြည်သည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော မနောအကြည်သည် အထွတ်အထိပ်သို့ရောက်၏၊ထိုထက် တိုးတက်ဘွယ်ကိစ္စမရှိပြီ။ စကြဝဠာအနန္တ၊ ကပ္ပာအနန္တ၊ သတ္တဝါအနန္တ၊ သင်္ခါရအနန္တ၊ ပညတ်အနန္တ၊နိဗ္ဗာန်ကော၊ ဤအလုံးစုံသောတရားစုသည် သဗ္ဗညု မနောအကြည်တွင် မထင်သည်ဟူ၍ မရှိပေ၊ အလုံးစုံအကုန် ထင်ကြရပေ၏။

ဤမနောအကြည်သည် နန်းအိမ်ကြီးအလယ်၌ စိုက်ထားသော မှန်လုံးကြီးနှင့်တူ၏။ စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ဟူသော အကြည်ငါးမျိုးတို့သည် နန်းအိမ်ကြီးမှာ ခြောက်မျက်နှာဝှမ်းမှန်ချပ် တို့နှင့်တူကုန်၏။ မျက်စိဖြင့်မြင်ကောင်းသော အဆင်းသဏ္ဍာန်

www.dhammaransi.com



အထည်ဝတ္ထု ဟူသမျှသည် စက္ခုအကြည်၊ မနောအကြည် နှစ်ဌာနဌ် ဆိုက်ရသည်။ အသံဟူသမျှသည် သောတအကြည်၊ မနောအကြည်နှစ်ဌာနဌ် ဆိုက်ရသည်။ အနံ့ဟူသမျှသည် ဃာန အကြည်၊မနောအကြည်နှစ်ဌာနဌ် ဆိုက်ရသည်။ အရသာဟူသမျှ သည် ဇိဝှါအကြည်၊မနောအကြည်နှစ်ဌာနဌ် ဆိုက်ရသည်။ တွေ့၍ ထိ၍ သိကောင်းသော အပူအချမ်း,အကြမ်းအနူးဟူသမျှသည် တကိုယ်လုံး၌ရှိ ကာယအကြည်နှင့် မနောအကြည်နှစ်ဌာနဌ် ဆိုက် ရသည်။ ကြွင်းသောဓမ္မာရုံဟူသမျှသည် မနောအကြည်သက် သက်၌ဆိုက်ရသည်။

## အကြည် ၂-ခု တပြိုင်နက်ပေါ်ပုံ။

မျက်စိဖြင့် လာ်ကြည့်သောအခါ မျက်စိအကြည်မှာ လဝန်း သဏ္ဍာန်တခု။ ။နှလုံးအိမ်မနောအကြည်မှာ လဝန်းသဏ္ဍာန် တခု။ ။ရောင်ခြည်ရွှန်းရွှန်း ထိန်ထိန်ထွန်းသော လဝန်းသဏ္ဍာန် နှစ်ခုတို့သည် မရှေးမနှောင်းတပြိုင်နက် တချက်ထည်း ထိုနှစ်ဌာန မှာပေါ် ရကုန်သည်။

## ဥက်ရိုပ်,လူရိပ်-ဥပမာ။

မရှေးမနှောင်း တပြိုင်နက်ကျပုံကား။ ။ဌက်နှင့်ဌက်ရိပ် သစ် ကိုင်းနှင့် သစ်ကိုင်းရိပ်မှာ မရှေးမနှောင်း တပြိုင်နက် နားဘိ သကဲ့သို့ရင်း၊ မှန်ကြည့်သောအခါ လူနှင့်လူရိပ် တပြိုင်နက်ပြုံးခြင်း ရယ်ခြင်းမဲ့ခြင်းစသည်ကဲ့သို့ရင်း၊ မှတ်ရမည်။

## အရှေ့အရပ်မှနေဝန်း။

အရှေ့လောကခွင်မှ ထွက်ပေါ်၍လာသော နေဝန်း၏အရိပ် သဏ္ဍာန်ကြီးသည် နန်းအိမ်ကြီးမှာ အနေ့နံရံ၌ မှန်အကြည်ပေါက်မှ အိမ်လယ်၌ မှန်လုံးတိုင်အောင် ထိုးဝင်၍မှန်လုံးထဲမှာ ထိန်ထိန် ရွှန်းရွှန်း နေဝန်းသဏ္ဍာန်ကြီး ထင်လေ၏။ အရှေ့အရပ်မျက်နှာကို မကြည့်ဘဲ ထိုမှန်လုံးကိုကြည့်၍ပင် နေဝန်းသဏ္ဍာန်ကြီးကိုမြင် နိုင်၏။

www.dhammaransi.com



ဤအခါတွင် မျက်စိဖြင့် လ-ကိုကြည့်လေရာ၏။ လ-၏ရွှန်းရွှန်း ဖိတ်ဖိတ် အရိပ်သဏ္ဍာန်ကြီးသည် စက္ခုပဟူသော ကမ္ဗဇခေတ်မှန် အကြည်ပေါက် နှလုံးအိမ်တွင်းရှိ မနောဟူသော ကမ္ဗဇခေတ်မှန် တိုင်အောင် ထိုးဝင်၍ နှလုံးအိမ်တွင်းမှာ ထိန်ထိန်ရွှန်းရွှန်း လဝန်း သဏ္ဍာန်တခုပေါ်လေသည်။ စက္ခုအကြည်မှာပေါ်သည်နှင့် နှလုံး အိမ်တွင်းမှာပေါ်မှုသည် မရှေးမနှောင်း တပြိုင်နက်တချက်ထည်း သာဘည်း။ ။ကွယ်ပျောက်မှုမှာမူကား၊ စက္ခုအကြည်မှာ လဝန်းသဏ္ဍာန် ကွယ်ပျောက်သော်လည်း မနောအကြည်မှာ ပျောက်ထဲ့နိုင်သည်မဟုတ်။ (မြင်အောင်ကြည့်ပါလေ။) သည်တ ချက်ကောင်းကောင်းမြင်လျှင် အကြည်ခြောက်မျိုးအကုန် ခေတ် ပေါက် အောင်မြင်နိုင်လိမ့်မည်။

ထိုလဝန်းသဏ္ဍာန် အရိပ်ကြီး၏ စက္ခုမှန်ကြည်မှာ ထင်မှု၊ နှလုံးအိမ်တွင်းမနောမှန်ကြည်မှာ ထင်မှုပေါ်မှုသည် မိုးကြိုးမှန် သကဲ့သို့ပြင်းထန်၏။ ထိုအခါ နေဝန်းကြည့်ရှုရာ၌လည်း မျက်စိ ဟူသောစက္ခုအကြည်မှာ နေဝန်းသဏ္ဍာန်အရိပ်ကြီးတခု၊ မနော အကြည်မှာ နေဝန်းသဏ္ဍာန်အရိပ်ကြီးတခု၊မရှေးမနှောင်း တပြိုင် နက် တချက်ထည်းသာဘည်း။ သစ်ပင်ကိုကြည့်ရာ၌ စက္ခုမှာ သစ်ပင်သဏ္ဍာန်အရိပ်တခု၊ မနောမှာသဏ္ဍာန်အရိပ်တခု၊ တပြိုင် နက်ပေါ်သည်။ လူကိုကြည့်ရာ၌ စက္ခုမှာလူသဏ္ဍာန်အရိပ်တခု၊ မနောမှာလူသဏ္ဍာန်အရိပ်တခု၊ တပြိုင်နက်ပေါ်သည်၊ ထိုပေါ်မှု သည် မိုးကြိုးကြီးကျသကဲ့သို့ ပြင်းထန်သည်။ မျက်စိနှင့်မြင်မြင် သမျှ ခပ်သိမ်းတို့၌ ဤနည်းအတူချည်းသိလေ။

## စက္ခုဝိညာဏ်စိတ်။

တိမ်တိုက်ချင်းချင်း ခွပ်ကြသောအခါ လျှပ်ရောင်ဖြစ်ပေါ်လာ သကဲ့သို့ရင်း၊ လေချင်းချင်းတိုက်ကြသောအခါ ကြယ်ပျံသည်ဟု ခေါ်ကြသော ဥက္ကာလုံးဖြစ်ပေါ်လာသကဲ့သို့ရင်း၊ ခက်မာသော ဝတ္ထုတခုနှင့် ခက်မာသောဝတ္ထုတခု ထိခိုက်ကြသောအခါ အသံ

www.dhammaransi.com



ဖြစ်ပေါ်လာသကဲ့သို့ရှိရင်း၊ သံမီးခတ်နှင့် အနှစ်အဆီရှိသောကျောက် ထိခိုက်ကြသောအခါ မီးပွင့်မီးပွါးဖြစ်ပေါ်သကဲ့သို့ရှိရင်း၊ ထိုအတူ လဝန်းသဏ္ဍာန်စသော အရိပ်သည် စက္ခုအကြည်မှာ ထိခိုက်သောအခါ ရိုးပြားကြိုးကျသကဲ့သို့ ပြင်းထန်သော ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် စက္ခုအကြည်ပေါ်မှာ ဝိညာဏ်စိတ်တဖွါးဖွါး ဖြစ်ပေါ်လာသည်။ ထိုဝိညာဏ်စိတ်ကို စက္ခုပေါ်မှာဖြစ်ခြင်း ကြောင့် စက္ခုဝိညာဏ်စိတ်ခေါ်သည်။ ထိခိုက်ချက်စဲပြန်လျှင် မီးပွါးသေပျောက်သကဲ့သို့ ထိုဝိညာဏ်သေပျောက်ပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုလဝန်း သဏ္ဍာန်ကိုသိသော ဝိထိစိတ်အစဉ် တဖွါးဖွါးဖြစ်ပေါ်လေ သည်။ ခေါင်းလောင်းကြေးစည်ဘုံကို ဒုတ်တံနှင့်တချက်နှက်လိုက် လျှင် နှက်လိုက်သော ဒဏ်အဟုန်ကြောင့် အသံကလာဝတွေ တဖွါးဖွါးပေါ်၍ နေသကဲ့သို့တည်း။ ထိုဒဏ်ငြိမ်းပြန်လျှင် အသံ ပျောက်ဆုံးပြန်သကဲ့သို့ လဝန်းသဏ္ဍာန် ထိခိုက်ချက်ဒဏ်ဟုန် ငြိမ်းပြန်လျှင် ထိုဝိထိစိတ်အစဉ်သည် သေပျောက်ပျက်ဆုံးပြန် လေ၏။ (မျက်စိဖြင့်မြင်မြင်သမျှမှာ ဤနည်းအတူချည်းသိလေ။)

စက္ခုအကြည်၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ ခေတ်သုံးပါး
တချက်ထည်း ခေတ်ဉာဏ်ပေါက်
အောင်ရှုနည်းပြီး၏။

---

## သောတဝိညာဏ်စိတ်။

မိုးစည်းသံလုံး၊ ရေသံလုံး၊ လေသံလုံး၊ စည်သံလုံး၊ ခေါင်းလောင်း သံလုံး၊ လူသံ၊ ခွေးသံ၊ ကြက်သံ၊ ငှက်သံ အစရှိသော အသံရသည် နားခေါ်သော သောတခေတ်မှန်ခွဲရင်း၊ နှလုံးအိမ်တွင်းရှိ မနော ခေတ်မှန်ခွဲရင်း၊ ဤအကြည်ခေတ်မှန်နှစ်ချပ်၌ မရှေးမနှောင်း တပြိုင် နက်တချက်ထည်း ပေါ်သည်ခိုက်သည်၊ ထိုထိခိုက်မှုသည်လည်း

www.dhammaransi.com



မိုးစပ်းကြိုးကျသကဲ့သို့ ပြင်းထန်သည်။ သောတအကြည်မှာ အသံလုံးပေါ်ချက် ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် သောတအကြည်ပေါ်မှာ ဝိညာဏ်စိတ်တဖွါးဖွါးဖြစ်ပေါ်သည်။ ထိုဝိညာဏ်စိတ်ကို သောတအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် သောတဝိညာဏ်စိတ်ခေါ်သည်။ အသံစဲပြန်လျှင် ထိုသောတဝိညာဏ်စိတ်သည် သေပျောက်ကွယ်ဆုံးပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုအသံကို သိသော ဝီထိစိတ်အစဉ် တဖွါးဖွါးဖြစ်ပေါ်သည်။ အောက်က ပြဆိုခဲ့ပြီးသော ခေါင်းလောင်းပမာကဲ့သို့ ထိုအသံခိုက်ဒဏ်ငြိမ်းပြန်လျှင် ထိုဝီထိစိတ်အစဉ် သေပျောက်ကွယ်ဆုံးပြန်၏။ (နားနှင့် ကြားကြားသမျှ ဤနည်းချည်းသိလေ။)

သောတအကြည်၊ သဒ္ဒါရုံ၊ သောတဝိညာဏ်စိတ်၊
ဓာတ်သုံးပါးကို တချက်ထည်း ဓာတ်ဉာဏ်
ပေါက်အောင်ရှုနည်းပြီး၏။

---

## ဃာနဝိညာဏ်စိတ်။

ချွေးသေကောင်ပုပ်အနံ့၊ လူသေကောင်ပုပ်အနံ့၊ ခွေးသေကောင်ပုပ်အနံ့၊ စမွယ်နံ့၊ နှင်းဆီနံ့၊ ဒေါနနံ့၊ ရေမွှေးနံ့အစရှိသော အနံ့ရသည် နှာခေါင်းခေါ်သော ဃာနဓာတ်မှန်ဗ္ဗူင်း၊ နှလုံးအိမ်တွင်းရှိ မနောဓာတ်မှန်ဗ္ဗူင်း၊ ဤအကြည်ဓာတ်မှန်နှစ်ချပ်၌ မရှေးမနှောင်း တပြိုင်နက်တချက်ထည်း ပေါ်သည့်ခိုက်သည်။ ထိုထိခိုက်မှုသည်လည်း မိုးစပ်းကြိုးကျသကဲ့သို့ ပြင်းထန်သည်။ ဃာနအကြည်မှာ အနံ့လုံးပေါ်ချက် ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ဃာနအကြည်ပေါ်မှာ ဝိညာဏ်စိတ်တဖွါးဖွါး ဖြစ်ပေါ်သည်။ ထိုဝိညာဏ်စိတ်ကို ဃာနအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် ဃာနဝိညာဏ်စိတ်ခေါ်သည်။ အနံ့စဲပြန်လျှင် ထိုဃာနဝိညာဏ်စိတ်

www.dhammaransi.com



သည် သေပျောက်ကွယ်ဆုံးပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုအနံ့ကို သိသော ဝိထိစိတ်အစဉ် တဖွါးဖွါးဖြစ်ပေါ်သည်။ ထိုအနံ့ ခိုက်ဒဏ်ငြိမ်းပြန်လျှင် ထိုဝိထိစိတ်အစဉ် သေပျောက်ကွယ်ဆုံး ပြန်၏။

(နှာခေါင်းနှင့်နံ့သမ္ဘ ဤနည်းချည်းသိလေ။)

နှာခေါင်းရှိဃာနအကြည်၊အနံ့အမျိုးမျိုးဟူသောဂန္ဓာရုံ၊
ထိုနှာခေါင်းအကြည်မှာဖြစ်ပေါ်သောဃာနဝိညာဏ်
စိတ်၊ ဤခေတ်သုံးပါးကို တချက်ထည်း ခေတ်
ညာဏ် ပေါက်အောင် ရှုနည်းပြီး၏။

---

## ဇိဝှါဝိညာဏ်စိတ်။

အချို၊အချဉ်၊ အငံ၊အခစ်၊ အဖန်၊အခါး၊အစရှိသော အရသာ စသည် လျှာခေါ်သော ဇိဝှါခေတ်မှန်၌ရင်း၊ နှလုံးအိမ်တွင်းရှိ မနောခေတ်မှန်၌ရင်း၊ ဤအကြည်ခေတ်မှန်နှစ်ချပ်၌ မရှေးမနှောင်း တပြိုင်နက်တချက်ထည်း ပေါ်သည်ခိုက်သည်၊ ထိုထိခိုက်မှု သည်လည်း မိုးစင်းကြိုးကျသကဲ့သို့ပြင်းထန်သည်။ ဇိဝှါအကြည်မှာ အရသာလုံးပေါ်၍ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ဇိဝှါအ ကြည်ပေါ်မှာ ဝိညာဏ်စိတ်တဖွါးဖွါးဖြစ်ပေါ်သည်။ ထိုဝိညာဏ် စိတ်ကို ဇိဝှါအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် ဇိဝှါဝိညာဏ် စိတ်ခေါ်သည်။ အရသာစဲပြန်လျှင် ထိုဇိဝှါဝိညာဏ်စိတ်သည် သေပျောက်ကွယ်ဆုံးပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုအရသာ ကိုသိသော ဝိထိစိတ်အစဉ် တဖွါးဖွါးဖြစ်ပေါ်သည်။ ထိုအရသာ ခိုက်ဒဏ်ငြိမ်းပြန်လျှင် ထိုဝိထိစိတ်အစဉ် သေပျောက်ကွယ်ဆုံး

www.dhammaransi.com



ပြန်၏။ (လျှာနှင့်လျက်သမှု ဤနည်းချည်းသိလေ။)

လျှာအပြင်ဖိဝ္ဂါအကြည့်၊ အချိုးအချဉ်အစရှိသောရသာရုံ၊
လျှာအကြည်ပေါ် မှာဖြစ်ပေါ် သော ဇိဝှါဝိညာဏ်စိတ်၊
ဤခေတ်သုံးပါးကို တချက်ထည်း ခေတ်ဉာဏ်
ပေါက်အောင် ရှုနည်းပြီး၏။

---

## ကာယဝိညာဏ်စိတ်။

ကာယဟူသော မှန်အကြည်သည်ကား၊ ဦးခေါင်းဦးထိပ်မှစ၍ ခြေဘဝါးအပြင်တိုင်အောင် ကိုယ်တွင်းကိုယ်ပ အသားအသွေး ရှိသမျှအလုံးစုံကို အကုန်နှံ့ပြား၍ တည်၏။ မြမြသက်သော အပ်သွားနှင့် ထိုး၍စမ်းလျှင် နာမှန်းသိရာအရပ်ရသည် ကာယ ခေတ်ကြည်ရှိသည်ချည်းတည်း။

ပဉ္စဝီကြမ်း ပထဝီနုအမျိုးမျိုး၊ အပူအအေးဟူသော တေဇော အမျိုးမျိုး၊ အဟုန်ကြမ်းအဟုန်နုဟူသော ဝါယောအမျိုးမျိုးရသည် ထိုကာယ အကြည်မှာချည်း ဆိုက်ရသည်။ ခြေဘဝါးအပြင်ကို မီးနှင့်ကင်၍ပူမှန်းသိရာ၊ ရေနှင့်ဆေး၍ အေးမှန်းသိရာတို့၌ ထိုပူမှု အေးမှုဘို့သည် ခြေဘဝါးအပြင်ရှိ ကာယခေတ်ကြည်ရမှာတချက်၊ နှလုံးအိမ်တွင်းရှိ မနောအကြည်ကြီးမှာတချက်၊ တပြိုင်နက်ပေါ် လေ၏၊ ခိုက်လေ၏၊ တိုက်လေ၏။ ထိုထိမှု၊ ခိုက်မှု၊ တိုက်မှုသည် ရိုစယ်းကြိုးမှန်သကဲ့သို့ ပြင်းထန်၏။ ပြင်းထန်သောဒဏ်ချက်ကြောင့် ခြေဘဝါးအပြင်တခုလုံးမှာ ကာယ ဝိညာဏ်စိတ် အပြည့်ပေါ် သော၏။ နှလုံးအိမ်အတွင်းမှာ ထိုအပူအအေးကိုသိသော ဝိဘ်စိတ် အစဉ် တတွေတွေဖြစ်ပေါ် လေ၏။ ထိုအပူ ထိုအအေးရပျောက် စဲလျှင် ထိုဝိညာဏ်ရ, ထိုဝိထိအစ ပျောက်ပျက်သေသုံးလေ၏။

အတွင်းပြင်တကိုယ်လုံး၌ ပူမှန်းသိရာဌာန၊ အေးမှန်းသိရာဌာန၊ နာမှန်းသိရာဌာန၊ ကျင်မှန်းသိရာဌာန၊ ကိုက်မှန်း ခဲမှန်း-ညောင်းမှန်း-ညာမှန်း-ထုံမှန်း-အောင့်မှန်း-အင့်မှန်း-လှုပ်မှန်း-တုန်မှန်း သိရာ

www.dhammaransi.com



ဌာနစသည်တို့မှာ ဤနည်းချည်းတည်း။ (ကာယဝိညာဏ်ခေတ်ပေါ်မှုကိုသိလေ။)

ကာယခေတ်မှန်၊ ပေါ်ဥပ္ပါခုံ၊ ကာယဝိညာဏ်စိတ်၊
ခေတ်သုံးမျိုးကို ခေတ်ဉာဏ်ပေါက်
အောင် ရှုနည်းပြီး၏။

---

## မနောဝိညာဏ်စိတ်။

နှလုံးအိမ်တွင်း၌ စမ်းရေပွက်သကဲ့သို့ တသက်လက် တလင်းလင်း တဖွါးဖွါး မပြတ်မစဲအမြဲဖြစ်ပေါ်၍နေသော ဘဝင်စိတ်ကို မနောအကြည်ဆိုသည်။

ထိုဘဝင်စိတ်ဟုဆိုအပ်သော မနောအကြည်သည် ရှေးဘဝဟောင်းနှင့်စပ်သော အာရုံကိုသာ အာရုံပြုသည်ဖြစ်၍ရင်း၊ ထိုသို့ပြုသော်လည်း ထင်လင်းသောပြုခြင်းမဟုတ်၊ မထင်မရှားသောပြုခြင်းသာဖြစ်၍ရင်း၊ အဘယ်ကို အာရုံပြုသည်ဟု ပုဂ္ဂိုလ်သဏ္ဌာန်မှာ ပေါ်တော့သည်မဟုတ်။ တညဉ့်လုံးအိပ်၍နေရာ အိပ်မက်မှာကိုလွတ်၍ ဘဝင်စိတ်အာရုံပြုချက်နှင့် ငါသည်–ဘယ်အာရုံကို တွေ့မြင်ရသည်ဟု မသိလေ။ ထိုဘဝင်ဟူသော မနောအကြည်လည်း ဖြစ်ရေအစဉ်ကဲ့သို့ ဖြစ်၍နေစဉ်အခါ ထိုပုဂ္ဂိုလ်သည် သေငယ်သေ၍နေသဘည်း။

အကြင်အခါ နေဝန်းလဝန်းစသော အာရုံနိမိတ်သည် စက္ခုအကြည်စသော အကြည်ငါးမျိုးတို့မှဝင်၍ ထိုဘဝင်ဟူသောမနောအကြည်မှာ ပေါ်၏၊ ခိုက်၏။ ထိုအခါ ထိုဘဝင်အကြည်သည် ဒုတ်လုံးဒဏ်ထိသော မြွေကဲ့သို့ရင်း၊ တီကဲ့သို့ရင်း၊ ဆတ်ဆတ်ခါ ထကြွ၍ ပြတ်စဲပြီးလျှင် ထိုနေရာမှာကြယ်ဥက္ကာလုံးတွေ ပေါ်ထွက်သကဲ့သို့ ထိခိုက်လာသော အာရုံကိုသိသော ဝိထိစိတ်တွေ ပေါ်ထွက်လေ၏။ ထိုအခိုက်အတိုက် ပြယ်ပျောက်ပြန်လျှင်

www.dhammaransi.com



ကြွယ်ဥက္ကာလုံးတွေ ကွယ်ပျောက်ပျက်ဆုံးသကဲ့သို့ သေပျောက်ပျက်ဆုံးလေ၏။

အကြင်အခါ၌ မြင်မှု၊ကြားမှု၊နံမှု၊လျက်မှု၊ ကိုယ်မှာတွေ့ထိမှုတို့မှအလွတ်ဖြစ်၍ ခြောက်ပါးသောအာရုံတို့သည် မနောအကြည်သက်သက်မှာသာ ဝင်၍ထင်လာကုန်၏။ထိုအခါမှာလည်းထိုဘဝင်ဟူသော မနောအကြည်သည် ဆတ်ဆတ်ခါခါလှုပ်ကြွ၍ ပြတ်စဲပြီးလျှင် အာဝဇ္ဇန်းဇောတို့သည် ဖြစ်ပေါ်၍ ထိုအာရုံဝတ္ထုအမှုကိစ္စတို့ကိုကြံဘန်ကုန်၏။ အထင်အခိုက်စဲပြန်လျှင် ထိုအာဝဇ္ဇန်းဇောတို့သည် ပေါ်ထွက်သောကြွယ်ဥက္ကာလုံးတွေ ပျောက်ကွယ်သကဲ့သို့ ပျောက်ကွယ်သေဆုံးကြလေကုန်၏။

ဘဝင်ဟူသော မနောအကြည်ခတ်၊မွှေရုံ၊မနော
ဝိညာဏ်၊ ခတ်သုံးပါးကို ခတ်ဉာဏ်
ပေါက်အောင် ရှုနည်းပြီး၏။

---

### အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး သုံးပါးကို ထင်ရှားအောင်ပြပေအံ့။

လက္ခဏာရေးသုံးပါးကို ရှုလိုမြင်လိုသောသူသည် ထိုလက္ခဏာရေးသုံးပါး၏ ခိုရာမှီရာဖြစ်သော ရုပ်ခတ်နာမ်တို့ကို တကိုယ်ကောင်လုံး အုန်းအုန်းဆူကြွ အကုန်ထအောင်ဆွရသည်။ တကိုယ်ကောင်လုံး အုန်းအုန်းဆူကြွအကုန်ထမှ မြင်ရသည်။

### ဆွပုံဆွနည်း။

ဆွပုံဆွနည်းမှာ၊ ဤခန္ဓာကို—

နှစ်ပုံခွဲ၍ဆွနည်း၊
သုံးပုံခွဲ၍ဆွနည်း၊
လေးပုံခွဲ၍ဆွနည်း၊

www.dhammaransi.com



ငါးပုံခွဲ၍ဆွနည်း၊
ခြောက်ပုံခွဲ၍ဆွနည်း၊
စသည်ဖြင့်များသောအပြားရှိ၏။

## နှစ်ပုံခွဲ၍ဆွနည်း။

ရုပ်တစု, နာမ်တစု,ပြု၍ ဆွနည်းသည် နှစ်ပုံခွဲ၍ဆွနည်း မည်၏။

## သုံးပုံခွဲ၍ဆွနည်း။

ဝေဒနာသုံးပါးနှင့် သုံးပုံခွဲ၍ဆွနည်းသည် သုံးပုံခွဲ၍ဆွနည်း မည်၏။

## လေးပုံခွဲ၍ဆွနည်း။

အာဟာရလေးပါးပြု၍ ဆွနည်းသည် လေးပုံခွဲ၍ဆွနည်း မည်၏။

## ငါးပုံခွဲ၍ဆွနည်း။

ခန္ဓာငါးပါးပြု၍ဆွနည်းသည် ငါးပုံပြု၍ဆွနည်းမည်၏။

## ခြောက်ပုံခွဲ၍ဆွနည်း။

မြေတစု၊ရေတစု၊သေတစု၊ မီးတစု၊ ဝိညာဏ်တစု၊ အာကာသ တစုပြု၍ဆွနည်းသည် ခြောက်ပုံခွဲ၍ဆွနည်းမည်၏၊ ။(အာယ တနနှင့်ခွဲလျှင် ဆဲ့နှစ်ပုံဖြစ်၏။ ဓာတ်နှင့်ခွဲလျှင် ဆဲ့ရှစ်ပုံဖြစ်၏။ ကောဋ္ဌာသနှင့်ခွဲလျှင် သုံးဆဲ့နှစ်ပုံဖြစ်၏။ အဘိဓမ္မာနည်းနှင့် ခွဲမှုကား၊ တရားသရုပ်အလွန်များပြား၏။)

ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသောသူမှာ– အဘိဓမ္မာနည်းမလို၊ ပညာပါရမီပွါးများဘို့ ပဋိသမ္ဘိဒါဉာဏ် ပွါးများဘို့ အရာ၌သာ အဘိဓမ္မာနည်းလိုသည်၊ တရားကိုယ် အစိတ်အလီများပြားလွန်းလျှင် ခွဲမှုခြမ်းမှုဝန်ကြီး၍ ခရီးမတွင် ရှိသည်။အစိတ်များလျှင် မမြင်နိုင်မထင်နိုင်သော တရားစုအများ ပါရှိသည်။

www.dhammaransi.com



မမြင်သောတရားကို လက္ခဏာရေးတင၍လည်း ဘာဝနာ အစစ်မဖြစ်။ တရားကိုယ်တရားချက်ကို အထပ်မြင်၍တင်မှ ဘာဝနာအစစ်ဖြစ်သည်။ မြတ်စွာဘုရားသည်လည်း အဘိဓမ္မာ နည်းကို တာဝတိံသာ၌တခါ၊ စန္ဒကူးတောတွင် ရှင်သာရိပုတ္တရာ ကိုတခါသာ ဟောလေသည်။သည့်ပြင် ဘယ်သတ္တဝါကို အဘိ ဓမ္မာနည်းနှင့်ဟော၍ ချွတ်သည်ဟုမရှိ၊ တာဝတိံသာတွင် အဘိ ဓမ္မာဟောစဉ်အခါမှာလည်း နတ်ပြဟ္မာတို့ကို သုတ္တန်နည်းညှပ်၍ ညှပ်၍ ချွတ်ရသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ကျယ်ဝန်း နက်နဲလှ၍ ရျာန်မရ။ ။စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို စီးဖြန်း သောသူသည် သိမ်မွေ့နက်နဲလှ၍ ရျာန်မရ။ ။ဤအတူမှတ်။ ။ အရှင်သာရိပုတ္တရာသည် တရားအစိတ်အလီ ကျယ်ဝန်းများပြား၍ နေသောကြောင့် ဆဲ့ငါးရက်မှရဟန္တာဖြစ်သည်။အရှင်မောဂ္ဂလာန် မှာ တရာအစိတ်အလီ သင့်တင့်ရုံခွဲခြမ်း၍ရှုသောကြောင့် ခုနစ်ရက် နှင့်ရဟန္တာဖြစ်သည်။(သက်သေ။)

ခေတ်ခြောက်ပါးခွဲ၍ ပဏ္ဏသာတိမင်းကြွတ်ရာမှာ ခေတ်ကြီး လေးပါး၌လက္ခဏာရေးသုံးပါးတင်လျှင် ဥပါဒါရုပ်ရပြီးတော့သည်။ စိတ်၌လက္ခဏာရေးသုံးပါးတင်လျှင် စေတသိက်ရပြီးတော့သည်။ အာကာသခေတ်မှာ ထင်ရှားလှ၍ အကူအပံ့မှုထည့်လေသည်။ ဘုံနန်းပြာသာဒ်ဆောက်လုပ်ရာ၌ သည်တိုင် ထုင်လျှောက်-ရက်မ- ဆင့်ကြမ်း-ဒိုင်းကျားတို့နှင့် သတ္တဝါမှာ အမာခံအထည်ခံ ခေတ် ကြီးလေးပါးတည်း။ပြာသာဒ်အမွှမ်းအခြယ်ကြိယာရန်နှင့်အကြည် ခေတ်ခြောက်မျိုးတည်း။

## သင်္ခတဓါတ်ပုံ။

အနိစ္စလက္ခဏာကို သင်္ခတဖုံးလွှမ်းသည်။ သင်္ခတကိုခွါမှ အနိစ္စလက္ခဏာပေါ်သည်ဟူသော ကျမ်းဂန်စကား၌–သင်္ခတကို ခွါမှုသည် အာဟာရနှင့်စပ်၍ ခွါမှု၊ဣရိယာပထနှင့်စပ်၍ ခွါမှု၊ အနာရောဂါနှင့်စပ်၍ ခွါမှုစသည်ဖြင့် များပြား၏။

www.dhammaransi.com



## အာဟာရနှင့်စပ်၍ခွဲပုံ။

အာဟာရနှင့်စပ်၍ ခွဲမှုကို ဆိုပေအံ့။ ။"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ" သဗ္ဗေ၊အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ၊ အာဟာရနှင့်တွဲဘက်၍ အသက်ရှည်ရတည်ရကြကုန်၏။ (ပါဠိတော်။)

တထပ်စာပြု၍ မျိုးအပ်သောအစာ၌ ခါတ်ဆီထက်ဝက်၊ ခါတ်မီးထက်ဝက်ပါ၏။ ဆာလောင်နွမ်းလျ၍နေသောသူ၌ ဆာလောင်မှုကား ပါစကခါတ်မီးသည် အစာအိမ်မှာ အစာမရှိ၍ အထက်နှလုံးအသည်းသို့ မီးကူးလျှင် နှလုံးအသည်းစသော ရင်တွင်းသားတို့မှခါတ်မီးထ၍ လောင်သည်ကို ဆာလောင်ခေါ်သည်။ နွမ်းလျမှုကား၊တကိုယ်လုံး၌ ရုပ်ခါတ်တို့၏ လျော့ပါးမှုဘည်း။

## ရေမြှုပ်ဆိုင်-ဥပမာ။

လေဟုန်လှိုင်းဟုန်ကြောင့် ရေမှဖြစ်သော လူပမာကရှိသော ရေမြှုပ်စုကြီးသည် ရေ၌လွှင့်၍ ကုန်းပေါ်သို့ရောက်လေရာ ရေနှင့်ကွာ၍ အာပေါအစေးခြောက်သဖြင့် အတွင်းတခွင်လုံး ပြင်တခွင်လုံး၌ ရေပွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ကြေပျက်ကြကုန်၏။ အတွင်းတခွင်လုံး ရေပွက်ငယ်နှင့်ကြေပျက်ပုံကို အကုန်မြင်အောင်ကြည့်။ ထိုအခါ၊အတွင်းသား ရေပွက်တို့ကြေပျက်ကြကုန်သည်အတွက် ရေမြှုပ်ခဲကြီး အတွင်းသားအားလုံး ကြွဲ၍ဟာ၍ကုန်သဖြင့် တ‌ရွေ့ရွေ့ကြုံ၍သွား၏။ ကျန်ရှိသော ရေမြှုပ်သားတို့လည်း လျော့လျော့ပါးပါး အားနွဲ့အင်နွဲ့ဖြစ်ကြကုန်၏။ (မြင်အောင်ကြည့်။)

## မီးအိမ်ပျံ ဥပမာ။

မီးစာအိမ်ပျံမှိုင်းခံရာ၌ ရေနံတိုင်ကြီးကို မီးညှိ၍ အတွင်းသို့သွင်းလိုက်လျှင် မီးတောက်များမှထွက်သော အခိုးတို့သည် အိမ်တွင်းတခွင်လုံး အပြည့်တိုးပွါးကာနေကုန်၏။ ဤကိုယ်တကောင်

www.dhammaransi.com



လုံးသည် မီးအိမ်ရှည်ကြီးနှင့်တူ၏။ တထပ်စာမျှလိုက်သော အစာရသည် မီးအိမ်တွင်သွင်းလိုက်သော ရေနံတိုင်မီးတောက်ကြီးနှင့်တူ၏။ အစာသစ်တွင်ပါသော ဓာတ်ဆီဓာတ်မီးတို့မှထ၍ တကိုယ်လုံးအပြည့်တိုးပွါးသော မြေ, ရေ, မီး, လေ မဟာဘုတ်ရုပ်သစ်ကလာပ်သစ်တို့သည် မီးအိမ်တွင်း၌ မှိုင်းနိုးတိုးပွါး ပြည့်လျှမ်းသည်နှင့်တူ၏။ ဤဥပမာ၌-အစာအိမ်၌ ထမင်းအစာရောက်သောအခါ အတွင်းတခွင်လုံး အပ်သွားရာမှမလပ်ရအောင် ဘုတ်သစ်, ရုပ်သစ်,ကလာပ်သစ်တို့ တိုးဘက်ဖြစ်ပွါးပုံကို အတပ်မြင်အောင်ပြသည်၊ (မြင်အောင်ကြည့်။

## မှန်တုံး,ဖန်တုံး-ဥပမာ။

လူကောင်ပမာဏရှိသော မှန်းတုံးဖန်တုံးကြီး၀ယ် အလယ်အတွင်း၌ မီးဘိုင်သွင်း၍ ထွန်းထားလျှင် မီးတောက်သည်နှင့်တပြိုင်နက် မှန်တုံးဖန်တုံးတခုလုံး မီးရောင်အပြည့်အနှံ့ဖြစ်ပေါ်၏။ ထွန်းထားသောမီး တရွေ့ရွေ့ သေ၍သေ၍ မှိန်၍မှိန်၍သွားလျှင် ထိုမီးရောင်တို့လည်း ချုင်ယုတ်နည်းပါး၍သွားကုန်၏။ မီးတောက်သေလျှင် မီးရောင်တို့လည်း အကုန်ပျောက်ကုန်၏။ ဤဥပမာဖြင့်—ထိုရုပ်သစ်ကလာပ်သစ်တို့သည် အစာအိမ်မှ အာဟာရဆူလျှင် ဆူဆူတက်တိုးပွါးကုန်၏။ အာဟာရကျလျှင် ကျကြကုန်၏။ အာဟာရကုန်လျှင် ကုန်ကြကုန်၏ဟုပြသည်။ (မြင်အောင်ကြည့်။)

## သန္တတိခွါပုံကိုဆိုအံ့။

ယခုနေ့ညစာစားပြီးနောက် အစာရေစာအပြီးဖြတ်လိုက်အံ့၊ ဤကိုယ်သည် အဘယ်သို့ဖြစ်သွားမည်နည်းဟု ဉာဏ်နှင့်ကြည့်၊ ယခုစားသောအစာမကျမီအတွင်း ယင်းအစာ၌ပါသော ဓာတ်ဆီဓာတ်မီးတို့၏ အဟုန်ကြောင့် တကိုယ်လုံး၌ရှိ ဓာတ်ဆီဓာတ်မီးတို့သည် လျှမ်းလျှမ်းတောက်မျှ အကျန်ထ၍ တကိုယ်လုံး၀ယ်အထည်ခံအမာခံဖြစ်သော ဓာတ်ကြီးလေးပါးတို့ကို အပြည့်အနှံ့

www.dhammaransi.com



ပွါးစေကုန်၏။ မြေ,ရေ,မီး,လေ,ဓာတ်ကြီးလေးပါး အသစ်အသစ် ဖြစ်ပေါ်တိုးပွါးလျှင် ကြာဒိုင်ကြီးဥပမာကဲ့သို့ စက္ခု,သောတ, ဃာန,ဇိဝှါ,ကာယ,မန,ဓာတ်ကြည်ခြောက်ပါးတို့လည်း လင်းလင်း တက်တိုးပွါးကုန်၏။ နွေအခါ ခြောက်သွေ့ကျဲချောင်၍နေသော တောကြီးမှာ မိုးသည်းကြီး ကြီးစွာရွာ၍ ယခုအသစ်ဖြစ်ပေါ်ပေါက် ပွါးသော အညွန့်အရွက်တို့ဖြင့် ထူထပ်ပိတ်ဆို့ ညို့ညို့မှိုင်းမှိုင်း ဖြစ်သကဲ့သို့တည်း။ (မိုးအိမ်ပျံဥပမာနှင့်လည်း တူအောင်ကြည့်။)

မျက်လုံးနှစ်ခုသည့် ထိုတောအုပ်၌ ချုံဖုတ်ငယ်နှစ်ခုနှင့်တူ၏။ ထိုချုံငယ်နှစ်ခုသည် အရွက်ကြွေ၍ ကျဲရဲနေစဉ် မိုးသည်းကြီး ရွာ၍ အတွင်းပြင်အရွက်အညွန့်ပြည့်သဖြင့် တချုံလုံးစွဲ၍ရွှန်း၍ ပိတ်၍ပိန်း၍ စိမ်းစိမ်းညို့ညို့ မို့မို့မှိုင်းမှိုင်းဖြစ်ပြန်၏။ (ချုံဖြစ်ပုံကိုမြင်အောင်ကြည့်။)

မျက်လုံးနှစ်လုံးမှာလည်း ဝမ်း၌အစာမရှိ၍ မျက်လုံးရှုပ်ခဲ အတွင်းသား ကျဲရဲနေပုံ၊အစာမျိုသောအခါ မိုးသည်းကြီးရွာ၍ တချုံလုံးပေါက်သော အရွက်အညွန့်ပြည့်သကဲ့သို့ အစာ၌ပါသော ဓာတ်ဆီအခိုး ဓာတ်မီးအခိုးတက်၍ မျက်လုံးတွင်းရှိဓာတ်ဆီ ဓာတ်မီးတို့ကို လန်းလန်းရှင်ပြီး ကြွအောင်နှိုး၍ ထိုဓာတ်ဆီ ဓာတ်မီးတို့၏ အစီးအပွါးဓာတ်ဆီလေးပါး အကြည်ဓာတ်သုံး ပါးတို့ တဘွားဘွားဖြစ်ပေါ် တိုးတက်ပြည့်လျှမ်းပုံများကို အတပ် မြင်အောင်ကြည့်။ ဤသို့သောအချက်သို့ဆိုက်မှ ဒွိဟိတ်,တိဟိတ် နှစ်ပါးကွဲပြားသည်။ ဒွိဟိတ်မှန်လျှင် မြင်အောင်မကြည့်နိုင်။ တိဟိတ်မှန်မှ အတပ်မြင်အောင်ကြည့်နိုင်သည်။

ထို့ကြောင့် ကျွတ်ထိုက်သော တိဟိတ်အဂ္ဂါကို ပြရာ၌— "ဥဒယဗ္ဗယဂါမိနိယာ ပညာယ သမန္နာဂတော"ဟု ဟောတော် မူသည်။ ဥဒယဗ္ဗယဂါမိနိယာ၊ ရုပ်ဓာတ်နာမ်ဓာတ်တို့၏ အသစ် အသစ် တဘွားဘွား ဖြစ်ပေါ် တိုးတက် ချက်ကိုလည်းကောင်း, ဖြစ်ပေါ်တိုးတက်ပြီးသော် ထိုရုပ်ဓာတ်နာမ်ဓာတ်တို့၏ အစဉ်

www.dhammaransi.com



အတိုင်း ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ချုပ်ပျက်ကွယ်ပျောက်ချက်ကိုလည်းကောင်း, အတပ်သိနိုင်မြင်နိုင်သော။ . ပညာယာ၊ပညာနှင့်။ သမ္မာဂတော၊ ပြည့်စုံ၏။

မျိုးအပ်သော တောဖြစ်, တောင်ဖြစ်, မြေဖြစ်, ရေဖြစ်, အစာရေစာ၌ပါသော ဗဟိဒ္ဓဓာတ်ဆီဓာတ်မီးတို့မှ ဆက်လက်ဖြစ်ပေါ်ကြသော ရုပ်သစ်ကလာပ်သစ်တို့ ဖြစ်ခြင်းကြောင့်လည်း ထိုတဘွားဘွား ဖြစ်ပေါ်ကြကုန်သော ရုပ်သစ်နာမ်သစ်ကလာပ်သစ်တို့သည် အခိုက်အတန့်ဖြစ်ပေါ်လာသော အာဂန္တုတို့သာတည်း။ ငါနှင့်မဆိုင်ငါပိုင်မဟုတ်ကုန်။ အနာပုပ်ကြီး၌ ခဲရိုင်းယင်မတို့ လွှတ်၍ကျသော သိမ်မွေ့သေးငယ်လှစွာသော လောက်ရှင်တွေနှင့်ထပ်တူတို့သာတည်း။ ကိုယ်တွင်း၌ပင် ဖြစ်ကုန်သော်လည်း ထိုလောက်ရှင်တို့ကို ငါ့ကိုယ်ငါ့ကိုယ်ဟု အတွင်းပြု၍ သိမ်းပိုက်ခြင်းငှါမထိုက်ပေ။

ထိုမျက်စိနှစ်လုံး၌ ဥတုဇရုပ်ကြမ်းဖြစ်သော အသားကြမ်း အသွေးကြမ်းစုသည့် အထည်ခံတည်း။ ထိုအထည်ခံရုပ်ကြမ်းစုကား၊ သေသည့်နောက်တိုင်အောင် ကျန်ရှိလေ၏။ အကာရုပ်အခွံရုပ်စုပေတည်း။ သတ္တဝါဟုမှောက်မှားကြသော ရုပ်နုဓာတ်နုတို့မှုကား၊ သေသည်နှင့်တပြိုင်နက် ချုပ်ကွယ်ကုန်၏။

ဖြစ်ပွါးချက်ကို မြင်ရသည်ဆိုသော်လည်း ဝတ္ထုအသည်ဒြပ်အနေနှင့် မမြင်စေနှင့်။ ရိတ်ရိတ် ရိတ်ရိတ် မာချက်တိုးတက်၍ လာသည်ကား ပထဝီတည်း၊ မြေဓာတ်တည်းစသည်ဖြင့် အမှုအရေကြီးယာမျှကို မျက်လုံးသားတခုလုံး ဉာဏ်နှင့်ကြည့်။ မြင်အောင်ကြည့်နိုင်လျှင်တိဟိတ်။ မကြည့်နိုင်လျှင်ဒွိဟိတ်။

ထိုသို့ တိုးတက်ဖြစ်ပွါး၍ မျက်လုံးပြည့်သောအခါ ထိုသတ္တဝါအား ငါငါဟူသောငါလုံး၊ ငါ့ငါ့ဟူသောငါ့လုံးနှင့်တကွ ကြွရွတောင့်တင်းသောစိတ်သညာသည် ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာသော ရုပ်သစ်တို့ကိုငါပြု၍ ကြည့်ကြည့်ထင်ထင် ငါမြင်သည်ဟု

www.dhammaransi.com



မိစ္ဆာအယူဖြစ်၏။ ထိုရုပ်သစ်ကလာပ်သစ်တို့ကို အာဂန္တုက ဖြင်ပစင်စစ် လောက်ရှင်တို့နှင့်မခြား ထင်မိုင်မှသာ မိစ္ဆာအယူ ပျောက်၍ သမ္မာအယူရောက်နိုင်မည်။

ဥဒယကိုပြသော အချက်ပြီး၏။

---

## တောချုံပိတ်ပေါင်းဥပမာ။

ထိုနေ့ညစာကိစ္စနှင့် မျိုလိုက်သော အစာတို့သည် သန်းခေါင် ကျော်မှသာ မပုပ်မနွမ်းတည်နိုင်ကုန်သည်။ သန်းခေါင်ကျော်ကို လွန်လျှင်ပင် မစင်ပုပ်အဖြစ်သို့ တငွေ့ငွေ့ရောက်လေ၍ ပုပ်သိုး ရိနွမ်း၍ ကျလေကုန်၏။ ထိုအခါ မိုးခေတ်ရေခေတ်နှင့်ဝေး၍ တဖြေးဖြေး ရင့်ရော်ရော့ရဲသဖြင့် ထိုတောအုပ် ထိုချုံငယ်ရှိ သစ်ရွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ကြွေကျ၍ တောအလုံး, ချုံအလုံး အရိုးကျဲကျဲ အခြင်ကျဲကျဲ မွဲခြောက်ခေါင်းပါးပြန် သကဲ့သို့ ထိုအတူ သန်းခေါင်ကျော်တိုင်အောင် ကိုယ်နှင့်အပြည့်, မျက်လုံးအိမ်နှင့်အပြည့်, ဖြစ်ပွါးတိုးတက်ကြကုန်သော ခေတ်ကြီး လေးပါးအကြည်ခေတ်အများတို့သည် ခေတ်ဆီခေတ်မီးတို့ တငွေ့ငွေ့ ဆုတ်ယုတ်သည်နှင့် ထက်ကြပ်တကွ ဆုတ်ယုတ်ကွယ် ပျောက်ကြပြန်ကုန်၏။မျက်လုံးသားသည် အရိုးကျဲကျဲ အခြင်ကျဲကျဲ ရော့ရဲနွမ်းပါးကြို၍သွားပြန်၏။ သတ္တဝါသည်လည်း ကြည့်မှုမြင်မှု မရှင်မပြရှိပြန်၏။ တောချုံငယ်၌ အတွင်းပြင်တခွင် အရွက်တွေ ကြွေချက်နှင့် ထပ်တူထပ်မျှမြင်အောကြည့်။ (မြင်လျှင်တိဟိတ်။ မမြင်လျှင်ဒွိဟိတ်။)

## မြစ်ချောင်း-ဥပမာ။

မြစ်နားတလျှောက်ရှိ ချောင်းထဲ,မြောင်းထဲ,အင်းထဲ,အိုင်ထဲမှာ မြစ်ရေကြီးစွာတက်သောအခါ အပြည့်အလျှမ်းရှိနေသော ချောင်း ရေ, မြောင်းရေ, အင်းရေ, အိုင်ရေတို့သည် မြစ်မကရေ ကျ၍သွား လျှင် လျော့၍ပါလေကုန်သည်နှင့်လည်း အတန်ငယ်တူပါ၏။

www.dhammaransi.com



## ငါမနိုင်-ငါမဆိုင်-ငါမပိုင်။

အစာသစ်ဆိုရသော ဗဟိဒ္ဓ ဓာတ်ဆီဓာတ်မီးတို့မှာကွယ်၍ ဖြစ်ပွါးရသော ထိုမျက်းလုံးရှိ အဇ္ဈတ္တရုပ်နာမ်ရသည့် ဗဟိဒ္ဓ ဓာတ်ဆီဓာတ်မီးတို့ ဆုတ်ယုတ်ကျလျော့လျှင် ဆုတ်ယုတ်ကျလေ သောကြောင့် ဆိုခဲ့ပြီးသောအာဂန္တုအဖြစ်သည် ထင်ရှားလှ၏။ ငါမပိုင် ငါမနိုင်၍ မဆိုင်မှုသည်ထင်ရှားလှ၏။ အကြောင်းတရ ကြောင့် [ဆိုအနာပုပ်တွင်းမှာပင် သေပျောက်ကွယ်သုံးကြသော လောက်ငယ်တွေနှင့် တူလှပေ၏။ မြင်အောကြည့်။ (မြင်လျှင် တိဟိတ်။ မမြင်လျှင်ဒွိဟိတ်။)

## အစာအသက်-ခုနစ်ရက်။

အစာသစ်အိမ်မှာ ပါစကဓာတ်မီးအဆီထုတ်ပြီးသော ရသ ဓာတ်ရည်ရသည့် ဖရဏာဓာတ်လေကြောင့် ဆူဝေလျှောက်သွား၍ တကိုယ်လုံးအပြည့် ရှိနေသောအခါ ဥသ္မာဓာတ်မီးရှိန် စောင့် ရှောက်ချက်ကြောင့် ရုတ်တရက်အကုန် မပုပ်မရိမကုန်မခန်းတဲ့မူ၍ တငွေ့ငွေ့သာ ရိကုန်ခန်းသဖြင့် တကြိမ်မျိုသောအစာ အသက် ခုနစ်ရက်ဖြစ်ရလေသည်။ထို့ကြောင့် အစာသစ်အိမ်မှာ အစာသစ် ကုန်ပြီးနောက် ထိုအစာသစ်မှဖြစ်သော ဓာတ်ဆီညွန့်ဓာတ်မီးညွန့် ဟုဆိုအပ်သော ရသဓာတ်ဆီတို့ စောင့်ထိန်းချက်ကြောင့် တကိုယ် လုံးရှိ အတွင်းဓာတ်နုတို့သည် ခဏစဉ်အတိုင်း တဖြုတ်ဖြုတ် ချုပ်ကုန်ငြားသော်လည်း ရုတ်တရက်မကုန်တဲ့မူ၍ ခုနစ်ရက်တိုင် အောင်မြင့်၍သွားကုန်၏။ ခုနစ်ရက်တိုင်လျှင် အကြွင်းမရှိကုန် ကုန်၏။သဗ္ဗဝါကိုသေပြီဆိုရ၏။

## ကြာရုံကြီး-ဥပမာ။

ဤအချက်ကို ကြာရုံကြီးဥပမာနှင့်ထင်စွာပြဦးအံ့။ အိုင်တွင်းဌ် ရေရှိသောအခါ ကြာရုံရှင်လန်း၏။ အိုင်တွင်း၌ ရေကုန်လျှင်ကုန် ခြင်းကြာရုံမသေတဲ့သေး၊ ရွံ့ရုပ်၍နေသောရေအစောင့်အရှောက်နှင့်

www.dhammaransi.com



မသေဘဲ နေနိုင်သေးသည်။ ရွံ့စုပ်သော ရေကုန်၍ ရွံ့ခြောက်မှ သေသည်၊

## သေပုံ။

သေပုံကား။ ။ ရွံ့ရှင်သောရေသည် အားရှိတုံးအခါ ကြာမြစ်မှလျှောက်၍ ကြာရွက်ဖျားတိုင်အောင်တက်သည်။ နေပူ၍ တနေ့တခြားရေအားနည်းသောအခါ ကြာရွက်ဖျားမှစ၍ တရွေ့တရွေ့ရေသက်ကုန်ခန်းသည်။ ရေသက်ကုန်ခန်းရာ ကုန်ခန်းရာမှ ခြောက်သွေ့သေသုံး၍လိုက်သည်။ ရွံ့စုပ်သောရေသက်အကုန်လုံးကုန်သောအခါ အပင်ပါအမြစ်ပါသေသုံးသည်။ ဝမ်းဌာဘည့်သောအစာသစ်သည် ကြာအိုင်ရှိရေနှင့်တူသည်၊ ဝမ်းဌာအစာသစ်ကုန်ပြီးနောက် ထိုအစာသစ်မှ တကိုယ်လုံးပျံ့နှံ့၍နေသော ရသဓာတ်ဆီသည် ရွံ့စုပ်၍ထားသော ရွံ့ထဲရှိရေနှင့်တူသည်။ ဝမ်းဌာအစာကုန်သော်လည်း ထိုရသဓာတ်ဆီ စောင့်ရှောက်ချက်ကြောင့် ချနစ်ရက်အသက်ရှည်မှုသည် ရွံ့ထဲရှိရေစောင့်ရှောက်ချက်ကြောင့် ကြာရုံမသေဘဲနေသေးသည်နှင့်တူသည်၊ ထိုကြာရုံသည် မသေသေးသော်လည်း အိုင်တွင်းရေ လျော့ပါးလျှင် လျော့ပါးသည်၊ အိုင်တွင်းရေကုန်လျှင် မသေရုံမျှကျန်ရှိသည်။ အိုင်တွင်းရေကုန်လျှင် ရွံ့တွင်းရေသည်း တနာရီတခြား တနေ့ဘခြားခန်း၍ သွားသကဲ့သို့ ဝမ်း၌ရှိသော အစာကုန်လျှင် ကိုယ်တွင်း၌ရှိသော ရသဓာတ်ဆီတို့လည်း တနာရီတခြား တနေ့တခြားကုန်ခန်းကုန်သည်။ ရွံ့တွင်းရေ တနာရီဘခြားခန်း၍သွားလျှင် ကြာရုံမှာလည်း ကြာရွက်ဖျားမှစ၍ တနာရီတခြားအစေးကုန်ခန်း၍ လျော့ပါး၍သွားသကဲ့သို့ ကိုယ်တွင်းရှိရသဓာတ်ဆီ တနာရီဘခြားကုန်ခန်း၍ သွားလျှင်လည်း ကိုယ်တွင်းရှိဓာတ်ဆီဓာတ်မီး ဓာတ်ကြီးဓာတ်ကြည့်တို့ ခြေဖျားလက်ဖျား နားရွက်ဖျားလုံးစသည်တို့မှစ၍ ကုန်ခန်းကြကုန်သည်။ ရွံ့ပြင်၌ရှိရေ အကြွင်းအကျန်မရှိကုန်၍ ခြောက်သွေ့သော အခါ အမြစ်ပါကြာပင် သေသုံး သကဲ့သို့

www.dhammaransi.com



အသည်းနှလုံးရှိ ရသာဓာတ်ဆီတိုင်အောင် အကြွင်းအကျန်မရှိ ကုန်ခန်းသောအခါ အသည်းနှလုံးရှိဓာတ်နှတ္ထိ အကုန်ချုပ်ဆုံး၍ သတ္တဝါသေပြီဆိုရသည်။ (ဥပမာမှာ အမြင်ထင်းအောင်ကြည့်။)

## မျက်လုံးတွင်းရှိ ဓာတ်ဆီ-ဓာတ်မီး-ဓာတ်ကြိုး-ဓာတ်ကြည် တို့ ချုပ်ယှဉ်ကွယ်ပျောက်ပုံ။

အထက်၌ ဆိုခဲ့ပြီးသောအတိုင်း ဝမ်းတွင်းရှိအစာကျသော အခါမှစ၍ မျက်လုံးတွင်းရှိဓာတ်ဆီဓာတ်မီး ဓာတ်ကြိုးဓာတ်ကြည် တို့သည် အားအင်လျော့ပါးကုန်၏။ ထင်းအားမီးအားကောင်း၍ ခွင်ပေါ်ရှိအိုးတွင်း၌ဆူဝေပြည့်လျှမ်း၍တက်သောရေပွက်ရေမြှုပ် တို့သည် ထင်အားမီးအားနည်းသောအခါ လျော့ပါး၍ကျကုန် သကဲ့သို့ ထင်ကုန်မီးကုန်သည့်အခါ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကြေပျက်ချုပ်ဆုံးကြကုန်သကဲ့ အစာသစ်အဓိမ်တွင် အစာကုန် သောအခါမှစ၍ မျက်လုံးတွင်း၌ ဓာတ်ဆီဓာတ်မီး ဓာတ်ကြိုး ဓာတ်ကြည်တို့သည် တရွေ့တရွေ့ အားနည်းကုန်၍ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ချုပ်ကြပျက်ကြ ကွယ်ပျောက်ကြကုန်၏။ မျက်လုံး နှစ်ခုကို ကွက်ခြား၍ဆိုသည်မှာ ဉာဏ်အမြင်လင်းတဲ့မည်နေရာ ဖြစ်၍ ကွက်ခြားသည်၊ မျက်လုံးနှစ်ခု၌ အတပ်မြင်ပြီးမှ တကိုယ် လုံးဉာဏ်ဖြန့်ရမည်။

## အသက်ဟူသော ဇီဝိတရုပ်သည် အပိုင်းအပိုင်းပြတ်ပုံ။

ထိုသို့ချုပ်သောအခါ ထိုသတ္တဝါသည်လည်း တရွေ့တရွေ့ နွမ်းပါးကြုံ၍သွားတော့သည်။ ထိုဓာတ်နှတ္ထိ ချုပ်ကုန်ရာသို့ ထိုသတ္တဝါ၏အားသည်လည်း ရိတ်ရိတ် ရိတ်ရိတ် အပိုင်းပြတ်၍ ပါလေတော့သည်။ ထိုသတ္တဝါ၏ အသက်သည်လည်း အပိုင်း အပိုင်းပြတ်၍ ပါလေတော့သည်။ အားဟူသည်ကား၊ ဗလဓာတ် ပေတည်း။ အသက်ဟူသည်ကား၊ ဇီဝိတရုပ်ရတည်း။ အသက်

www.dhammaransi.com



အပိုင်းအပိုင်း ကြေ၍ကြေ၍ ပါလေသောအခါမှစ၍ ထိုသတ္တဝါ နဲ့နဲ့ နဲ့နဲ့သေပြီ၊ သို့သော်လည်း ဇီဝိတရုပ်အကြွင်းအကျန်များသေး၍ အသေမခေါ်ကြသေး။ထိုသို့ တနာရီထက်တနာရီ တကိုယ်လုံးရှိ အတွင်းဓာတ်နု အသားနု အသက်တို့ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် မစဲ ချုပ်၍ အတွင်ချုပ်၍ နှစ်ရက်သုံးရက် လေးရက်ငါးရက် ခြောက်ရက်တိုင်သေ၍သွားသဖြင့် အရွက်ဖျားမှစ၍ အစဉ်အတိုင်းသေ၍လာသော ကြာရုံကဲ့သို့ ထိုသတ္တဝါဝယ် ဦးခေါင်းခြေလက် မျက်စိနားနှာစသော ကိုယ်အင်္ဂါအဖျားအနားမှစ၍ အသက်ကုန်၍ ကုန်၍သွား၏။

## သတ္တဝါသေဆုံးပုံ။

နောက်ဆုံး၌ နှလုံးအသည်းရှိ ဓာတ်ဆီနု, ဓာတ်မီးနု, ဓာတ်ကြီးနု, ဓာတ်ကြည်နုတို့ အကြွင်းအကျန်မရှိ ကုန်ဆုံးကွယ်ပျောက်သောအခါ အသက်လည်း အကြွင်းအကျန်မရှိ ကုန်ဆုံးလေတော့သည်။ထိုအခါ ထိုသတ္တဝါကို သေပြီဆိုကြသည်။

## ဇီရဏ ဓာတ်မီး၏ သတ္တိ။

အစသတ်အိမ်၌ အစပြတ်သောအခါမှစ၍ တကိုယ်လုံး အပြည့်ရှိသော ဇီရဏဓာတ်မီးတို့လည်း အခွင့်ကြီးရကြ၍ မျက်လုံးတွင်းရှိ ဇီရဏဓာတ်မီးတို့သည် မျက်လုံးတွင်းရှိ ဓာတ်ဆီ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့ကို အစဉ်အတိုင်းကုန်အောင် ခန်းအောင် အမျှင်းမျှင်းလောင်ကုန်၏။ ထိုဓာတ်ဆီ,ဓာတ်မီး, ဓာတ်ကြီး,ဓာတ်ကြည်တို့သည် အသက်ခဲရုနှင့်တကွ တဖြစ်ဖြစ် ကွယ်ပျောက်ကုန်ဆုံးကြကုန်၏။ ဤအတူ ဦးဏှောက်ခဲကြီးတခု လုံးရှိ ဇီရဏဓာတ်မီးတို့သည် ထိုဦးဏှောက်ခဲကြီးအပြည့်ရှိသော ဓာတ်ဆီအနု၊ ဓာတ်မီးအနု၊ ဓာတ်ကြီးအနု၊ဓာတ်ကြည်အနုတို့ကို အသက်ခဲရုနှင့်တကွ တမျှင်းမျှင်းကုန်ခန်းစေကုန်၏။

ထိုအတူ အသည်းတွင်းရှိ အဆုတ်ဘဝင်းရှိ နှလုံးတွင်းရှိ စသည်ဖြင့် တကိုယ်လုံးကုန်အောင် ဉာဏ်နိုင်ရုံ ကွက်၍ကွက်၍

www.dhammaransi.com



ကြည့်လေ’ ရေမြှုပ်ခဲကြီးရှိ ရေပွက်ငယ်တို့ ချုပ်ကြကုန်သကဲ့သို့လည်းကောင်း၊ ကြာရွက်တွင်းရှိ အစေးတို့ ချုပ်ကြကုန် သကဲ့သို့လည်းကောင်း၊ ထပ်တူထပ်မျှမြင်အောင်ကြည့်။ တကာယ်မြင်ပေလျှင်— “ဖေဏပိဏ္ဍူပမံရူပံ”ဟု ဟောတော်မူသော ခန္ဓသံယုတ်ကို ဟုတ်လှပေသည်ဟု ဖြစ်လတ္တံ့။ ။ရူပံ၊ရုပ်ကောင်ကြီးသည်။ ဖေဏပိဏ္ဍူပမံ၊ အထက်ကထုတ်ပြခဲ့သော ရေမြှုပ်ခဲကြီးနှင့် တထင်ထဲဘူလှ၏။

တကိုယ်လုံးရှိ မာချက်မာမှုဟူသော မြေခတ်ကြီး။

ဘွဲ့မှုစေးမှုဟူသော ရေခတ်ကြီး။

နွေးမှုအေးမှုဟူသော မီးခတ်ကြီး။

တောင့်မှုဘင်းမှုဟူသော လေခတ်ကြီ။

ဤခတ်ကြီးလေးပါးတို့၏ ရိတ်ရိတ် ရိက်ရိတ် ရွှေ့ရွှေ့ ငွေ့ငွေ့ ချုပ်ယုတ်ကုန်ခန်းချက်တို့ကိုမြင်လတ္တံ့။

စိတ်စေတသိက်တို့နှင့် တကွသော ခတ်ကြည်မျိုးတို့သည်ကား၊ ရိုစသ်းတိမ်တိုက်ကြီး၏အပေါ်တွင် ဖြစ်ပေါ် ထင်မြင်ရသော သက်တန်ရေးတို့နှင့် တူကုန်၏။မြေ,ရေ,မီး,လေ,ဟူသော မဟာဘုတ်ခတ်ကြီးရှသည် ရိုစသ်းတိမ်တိုက်နှင့်တူ၏။ ရိုစသ်းတိမ်တိုက်ထူထပ်လျှင် ထိုသက်တန်ရေးတို့လည်း နတ်ဝတ်ပုဆိုးကို ဖြန့်တန်း၍လှန်းထားသကဲ့သို့ ရှိကုန်၏။ ရိုစသ်းတိမ်တိုက်ပါးလျားလျှင် ပါးလျားကုန်၏။ ရိုစသ်းတိမ်တိုက် အပိုင်းအပိုင်းပြတ်၍သွားလျှင် အပိုင်းအပိုင်းပြတ်ကုန်၏။ ရိုစသ်းတိမ်ကွယ်ပျောက်လျှင် ကွယ်ပျောက်ကုန်၏။ ဤဥပမာအတိုင်းပင်တည်း။ (အတပ်မြင်အောင်ကြည့်လေ။)

ဤသို့သော အချက်သို့ခိုက်မှ ဒွိဟိတ်, တိဟိတ် နှစ်ပါးကွဲသည်။ ဒွိဟိတ်မှန်လျှင် မြင်အောင်မကြည့်နိုင်၊ တိဟိတ်မှန်လျှင် အတပ်မြင်အောင်ကြည့်နိုင်သည်။ ဤသို့လျှင် ရိတ်ရိတ် ရိတ်ရိဘ်

www.dhammaransi.com



တိုးတက်ဖြစ်ပွါးမှုဟူသော ဥဒယသဘော, ရိတ်ရိတ် ရိတ်ရိတ် ဆုတ်ယုတ်ကုန်ခန်းမှုဟူသော ဝယသဘောကို တကယ်မြင်ပေမှုကား-

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။ ။

ဟူ၍ချီးမွမ်းချက်နှင့် ထိုက်သက်ပေတော့သည်။

**ယော စ**၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ရုပ်နာမ်ဓမ္မတို့၏၊ ဥဒယဖြစ်ပုံ-ဝယဖြစ်ပုံကို။ အပဿံ၊အမိပ်မက်တွင်မျှ မမြင်ဘူးဘဲ။ ဝဿသတံ၊အနှစ်တရာပတ်လုံး။ ဇီဝေ၊အသက်ရှည်၏။ တဿ၊ ထိုသူ၏။ ဇီဝိတာ၊ အနှစ်တရာအသက်ရှည်မှုထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မတို့၏ ဥဒယဖြစ်ပုံ-ဝယဖြစ်ပုံကို။ ပဿတော၊မြင်သောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊မြတ်သေး၏။

ရိတ်ရိတ် ရိတ်ရိတ် ပြိုပျက်မှုကို အတပ်မြင်သျှင် အနိစ္စလက္ခဏာကိုလည်း အတပ်မြင်လတ္တံ့။ အနိစ္စဖြစ်၍ ထိုတရားတို့ နှမ်းပါးညှိုးချုံ့မှု, သေဆုံးချုပ်ပျက်မှုသည်ပင် ဒုက္ခဖြစ်လေရကား ဒုက္ခလက္ခဏာကိုလည်း အဘင်မြင်လတ္တံ့။ အနှစ်မဲ့၍ သိရသော အနတ္တလက္ခဏာ၊ထိုပုဂ္ဂိုလ်၏ အလိုနှင့်ချက်သို့ မလိုက်၍သိရသော အနတ္တလက္ခဏာ၊ထိုတရားတို့ ဖြစ်မှု,တည်မှု,ပွါးမှု,ဆုတ်ယုတ်မှု, ချုပ်ဆုံးမှုတို့မှာ အာဏာပေး၍ အရေးမရသောကြောင့် အစိုးမရ၍ သိရသောအနတ္တလက္ခဏာ၊ ဤအရာကိုလည်း ကောင်းစွာ ထင်လင်းကုန်လတ္တံ့။

## သင်္ခတပညတ်၊အတပ်မြင်ရန်။

ဤသို့လျှင် တနေ့တနေ့လျှင် နှစ်သပ်နှစ်ထပ်မျှ၍ မြေဖြစ် ရေဖြစ် ခေတ်ဆီခေတ်မီးတို့ကို ဒုလျှဉ်မပြတ်ရအောင် ဆက်သွင်း

www.dhammaransi.com



သဖြင့် အတွင်းခေတ်ဆီ၊ အတွင်းခေတ်မီး၊ အတွင်းခေတ်ကြီး၊ အတွင်းခေတ်ကြည်တို့၏ ချုပ်ချုပ်ဖြစ်ဖြစ် အသစ်အဟောင်း သောင်းပြောင်းရောထွေ အနေမပြတ် ဆက်လက်မြင့်ရှည် အစဉ်တည်မှုသည် သန္တတိပညတ်မည်၏။

ထိုသန္တတိပညတ် မြေးယှက်ဖုံးလွှမ်းမှုကြောင့် ခိုတောင်လဲရွက်အုပ်နှသစ်ပင်၌ အသစ်အသစ်နှသောအရွက်တို့၏ ဖုံးလွှမ်းချက်ကြောင့် အနေမပျက် စည်ကားလျက်သာမြင်ရသဖြင့် တနေ့မဲ တဖွဲဖွဲကြွေချက် အရွက်ဟောင်းကုန်၍ကုန်၍ သွားချက်များကို အမြင်ကိုကြည့်၍ သိခွင့်မရှိ။

ဤအခါ လူတို့ခန္ဓာမှာသည်း ရှေးရှေးအနပ်က မျိုးအပ်သော ခေတ်ဆီခေတ်မီးတို့အတွက်နှင့် တိုးတက်ပြည့်လျှမ်းသော တကိုယ်လုံးရှိ ခေတ်ဆီ ခေတ်မီး ခေတ်ကြီး ခေတ်ကြည်တို့သည် တဆဲ့ငါးနာရီမျှ တည်တံ့စွာနေကြ၍ တဆဲ့ငါးနာရီကို လွန်သောအခါမှစ၍ ထိုသစ်ပင်ရှိ သစ်ရွက်ဟောင်းတို့ကဲ့သို့ တရွေ့တရွေ့ ချုပ်ပျက်ကွယ်ဆုံးကြကုန်၏။ ခုနစ်ရက်ခန့်တိုင်လျှင် ထိုအနပ်မှ ဖြစ်ပွါးကြကုန်သော ခေတ်အပေါင်းတို့သည် မကြွင်းမကျန် ကွယ်ဆုံးကုန်၏။ ထိုအနပ်ဝယ် တဆဲ့ငါးနာရီကျော်၍ အဘော် လျော့ပါးအင်အား နည်းချိန်သို့ကျလျှင် ဒုတိယအနပ် ထောက်ရပြန်၏။ ပဌမအနပ်စားယိုယွင်းရာကို ဒုတိယအနပ်ကဖြည့်ပေ၏။ ဒုတိယအနပ်စာ ယိုယွင်းရာကို တတိယအနပ်က ဖြည့်ပေ၏။ ဤသို့ ရှေးရှေးအနပ်စာ ဆုတ်ယုတ်လျော့ပါး အင်အားချို့ရှိချိန် ကျလျှင် နောက်နောက် အနပ်ထောက်၍ ဖြည့်ကာဖြည့်ကာ လာခဲ့သောကြောင့် ရှေးရှေးအနပ်အတွက် တိုးတက်သမျှ တဆဲ့ငါးနာရီကျော်ကစ၍ တခုမကျန်ကုန်သည်တိုင်အောင် ကြေပျက် ကွယ်ဆုံး၍သွားသည်ကို မသိကြမမြင်ကြရှိသေးသည်။ မသိကြသော်သည်း ပဌမအနပ်ကဖြစ်ပေါ်သော မျက်လုံးသားစုသည် ခုနစ်ရက်တွင်ကုန်သည်။

www.dhammaransi.com



ထိုအခါ ဦးကျောက်ခဲရ၊ အသည်းခဲရ၊ နှလုံးခဲရ၊ လျှာခဲရ၊ ကိုးရာသောသားတစ်ခဲရ၊ သလိပ်ရည်သလိပ်ခဲရ၊ သည်းခြေရည် သည်းခြေခဲရ၊ သွေးရည်သွေးခဲရအလုံးစုံသည် ခုနစ်ရက်တွင် ကုန်ဆုံးသည်။ တဆဲ့ငါးနာရီကျော်၍ အတန်ငယ် ကွယ်ပျက် လျော့ပါးသည်မှစ၍ ကွယ်ပျက်တိုင်း ကွယ်ပျက်တိုင်းမှာသည်း တကိုယ်လုံးရှိ အားခဲအသက်ခဲဘို့လည်း ဖျက်ဖျက်ကြွေ၍ ပါလေ ကုန်သည်။

ယခုနေ့မှစ၍ အစာရေစာကို အပြီးဖြတ်ခဲ့သော်ဟု ကြံ၍ရှုမှ သန္တတိပညတ် ပြယ်ပျောက်၍ မြစ်ရေကို ကြည့်၍ နေသော ယောကျ်ားသည် တွေတွေငေးငေး မျောသွားလေသော မြစ်ရေ ဟောင်းစုကိုလည်း မျောလေမှန်းသိရလေသည်။ ထိုနေရာမှာ ထပ်ကာထပ်ကာ နောက်ထပ်လာ၍ဖြစ်လာသော ရေသစ်စု ကိုလည်း နောက်လာသက်သက် ဖြည့်ပျောက်ချက်ဟု အတပ် မြင်သည်။

ဤအခါ ဘွားမြင်စမှစ၍ ယခုနေ့တိုင် တနာရီစဲ့ အသားခဲ၊ ဦးကျောက်ခဲ၊ အဆုပ်ခဲ၊ နှလုံးခဲ၊ အသည်းခဲ၊ ဖျက်လုံးခဲ၊ အားခဲ၊ အသက်ခဲ၊ ထိုတကိုယ်လုံးမှ ခဏမစဲ ကြေပြုန်းကွယ်လွန်၍သွား ချက်တို့ကို မြင်သာသည်။ ထိုကိုမြင်ရလျှင် နောက်နောက်မျိုးအပ် သော အထပ်ရသည် ထိုယိုယွင်းကွယ်ဆုံးသော နေရာစုကို အခြေအနေ မဘောက်ပြားအောင် အစားစိုက်မှု၊ အစားသွင်းမှု၊ အစားထူထောင်မှုသာဟု မြင်နိုင်မည်။ ထိုနှစ်ချက်ကိုမြင်လျှင် လည်း တနေ့လျှင် နှစ်ထပ်နှစ်ထပ် စားမှုသည် အသက်မပြတ် ရအောင် အသက်သစ်သွင်းမှုပင်တည်းဟုမြင်နိုင်မည်။

## စပါးဆန်ထဲမှာ အသက်နေပုံ။

ထိုသို့မြင်ရလျှင် လဆန်းမှာနေခိုက် လပြည့်ကျော်ဘို့အသက် စုသည် စပါးထဲဆန်ထဲမှာ ရှိသေးသည်ဟု မြင်နိုင်သည်။ အသစ်

www.dhammaransi.com



အသစ်မျိုးမှ ထိုအစာအတွက် အသစ်အသစ်ဖြစ်ပေါ်လာသော အသက်ရုပ်၊ ခန္ဓာရုပ်၊ စိတ်ရုပ်ကို ထိုအစာ ထိုဆန်စပါးမှာ အပါပြု၍ စပါးထဲဆန်ထဲမှာ ရှိသေးသည်ဟူသောဘည်း။ ထိုစပါးထိုဆန်ကို မရ၍ မမျိုးရလျှင် ထိုအသက်မပေါ်လာပြီ။ ဤသို့မြင်ရလျှင် တလောကလုံး အသက်မွေးရန်ကိစ္စနှင့် ကြောင့်ကြ ဗိုက်ကြ အားထုတ်ကြသော ရောင်းမှုဝယ်မှု လယ်ယာဥယျာဉ်လုပ်မှု လက်မှုပညာ နှုတ်ပညာနှင့် ပစ္စည်းဥစ္စာရှာမှု အလုံးစုံသည် အသက်သစ်ဆက်ရန် အသက်သစ်သွင်းရန် အမှုတို့သာဟု မြင်လတ္တံ့။ အနမတဂ္ဂ သံသရာတလျှောက် ပေါက်အောင်ကြည့်။ စကြဝဠာ အနန္တနှံ့အောင်ကြည့်။

ယခုနေ့စကြဝဠာအနန္တသားတို့ တပြိုင်နက်အစာအပြီးဖြတ်ကြကုန်အံ့၊ ခုစ်ရက်ကိုးရက် ဆယ်ရက်တိုင်လျှင် အနန္တစကြဝဠာသည် မသာဘော-အသေတော-အလောင်းကောင်တောကြီးအပြီး ဖြစ်လတ္တံ့။ နှစ်လ,သုံးလ ဆယ်လ,ကိုးလကြာလျှင် စကြဝဠာ အနန္တလုံး အရိုးတောကြီးအပြီး ဖြစ်လတ္တံ့။ (မြင်အောင်ကြည့်။)

ဤတွင်ရွှေကား၊ အနိစ္စလက္ခဏာကို ကွယ်ကာဖုံးပိတ်သော သန္တတိပညတ်ကို အစာအာဟာရနှင့် စပ်၍ခွါ၍ အနိစ္စလက္ခဏာကိုထင်ရှားအောင် ပြဆိုချက်ပေဘည်း။

---

## သန္တတိပညတ်ကို ဣရိယာပထနှင့် စပ်၍ခွါပုံ။

ထိုသန္တတိပညတ်ကို ဣရိယာပုထ်နှင့်စပ်၍ ခွါနည်းကို အမြွက်မျှဆိုလိုက်အံ့။ ဣရိယာပထကိုခွါမှုသည်ကား၊ ဣရိယာပုထ် အပြောင်းအလဲကို မပြုမူ၍ တခုတည်းသောဣရိယာပုထ်၌ထား၍ ကြည့်ခြင်းတည်း။

ယခုအချိန်မှစ၍ ကိုယ်အင်္ဂါကြီးငယ်ကို အတန်ငယ်မျှ မလှုပ်မရှားပြီ၊ မျက်တောင်မျှမခတ်ပြီ၊ တစင်းထဲစင်း၍အပြီး ဒိုင်တော့

www.dhammaransi.com



ဇွံ့ဟာပြု၍ ဤကိုယ် ဘယ်ကိုသွားမည်ဟု ညာဏ်နှင့်ကြည့်။ ထိုသို့ကိုယ်ကို အသေထားသောအခါ ကိုယ်မှာ အပေါ်ကျသော မြေခတ်ရေခေါ်တို့က အောက်ကျသော မြေခတ်ရေခတ်တို့ကို တစ်ဖိဖိ ဘိနှိပ်ကြိတ်နင်း၍သွားလတ္တံ့။ ခေတ်ချင်းအနှိပ်အကြိတ်နာရာ အောက်ခံခတ်ရမှ ခတ်မီး ထ၍ထ၍ လာလတ္တံ့။ ။အလှုပ်အရှားမရှိ၍ အငွေ့အခိုးမထွက်ရသဖြင့် အမြဲထာဝရ အင်္ဂါကြီးငယ်လျှောက်သွား၍နေသော ခေါ်မီးခတ်လေတို့လည်း အခိုးထုတ်ခွင့်မရ၍ အဆစ်အဖုဖုတွင် ဖုမိဖုရာဖု၍ ထကြွသောင်းကျန်းလတ္တံ့။ ။ထိုသို့ဖြစ်သောမှ ဤမြင်လျှင် ဤခန္ဓာသည် အပြုအပြင်မရှိဘဲ ဆယ်နာရီ တဆဲ့ငါးနာရီကျော်လျှင် အောက်ခြမ်းတပြင်လုံး ပူသောင်း၍သာသတ္တံ့။

အောက်မှထသော ခတ်မီးတို့သည် ကိုယ်လုံးအနှံ့ဘက်၍ တကိုယ်လုံး ညောင်းမှုညာမှု ထုံမှုကျင်မှုတွေ ဖြစ်လတ္တံ့။ အခိုးထုတ်မှု လှုပ်မှုရှားမှု မပြုသောအတွက်ကြောင့် ထိုခတ်မီးတို့သည် တငွေ့ငွေ့ တနာရီတခြား ကနေ့ဘခြား အတွင်းခတ်နှုဘ်ကို အတွင်းထောင်မြိုက်ကုန်လတ္တံ့၊ ထိုအခါ တကိုယ်လုံး၌သော ခတ်ဆီနှ, ခတ်မီးနှ, ခေါ်ကြီးနှ ခေါ်ကြည်ရုဘ်တို့သည် အခေါခဲတွေ အသက်ခဲတွေနှင့်တကွ ပျစ်ပျစ် ပျစ်ပျစ် ပျက်ပျက် ပျက်ပျက် ကြေပျက်ကွယ်ဆုံး ပိန်ချုံးလျော့ပါး၍ များမကြာမီ အသေကြီးသို့ ဆိုက်လတ္တံ့၊ တနေ့ဘနေ့ အတွင်းခတ်နှုဘ်တို့ ကြေပျက်ရာ ကြေပျက်ရာတို့၌ ထိုထိုနေရာမှ အသက်ခဲအခေါခဲတို့လည်း အဆုပ်ဆုပ်ပြိုကွဲကွယ်ဆုံး၍သွားပုံကို မြင်အောင်ကြည့်။

ဤသို့သောအဖြစ်ကို အတပ်မြင်ခဲ့လျှင် ကိုယ်ခန္ဓာဘ်တို့၏ ဇာတိအမျိုး အရိုးဇစ်မြစ် ဒုက္ခစစ်ကြောင်းကိုသိလတ္တံ့။ အညာမှ စီးလာသောရေတို့မည်သည် ခိုင်ခံ့သော ဆည်ရိုးဆည်ဘောင်နှင့် တားဆီးနိုင်ပါမူ- တန့်ရပ်ပေါင်းဘွဲ့ကာ ရေကြီးနေ့များနေပါ၏။ ဆည်ရိုးဆည်ဘောင် မရှိခဲ့လျှင် မျက်စိတမှိတ်မျှ ရပ်တန့်၍မနေ

www.dhammaransi.com



နိမ့်ရာအကြေသို့ စီးသွားမြဲဓမ္မတာအတိုင်းသာ ကိုးဆင်းမျှော သွား၏။

ဤအတူ ဤကိုယ်ခန္ဓာတို့သည် ပြုပြင်ထိန်းကျောင်းမှုနှင့် ထက်ကြပ်မကွာ စောင့်ရှောက်ပါမူ—အတော်အတန် သဏ္ဌာန်ရုပ်ဆင်း အသင်းမပျက် သာယာဘက်၌ တန့်ရပ်ပေါင်းဘွဲ့ကာ နေပါသေး၏။ အပြင်အပြု အမှုမဘက်သက်သက်နေခဲ့လျှင် မျက်တောင်တခတ်မျှ တန့်ရပ်တည်နေခြင်းမရှိ၊ ယိုင်ယိုညွှတ်နွမ်း ဒုက္ခလမ်းသို့သာ သွားမြဲဓမ္မတာဖြစ်သတည်း။

ထိုဒုက္ခဘက်သို့ တသွန်ထဲလဲ၍ ကစင့်ကရဲ ပြိုကွဲကုန်ဆုံးသည်တိုင်အောင် မတန့်မနား သွား မြဲဓမ္မတာ အတွက်ကြောင့် ပေါက်လွှတ်လျောက်လျား သွားခွင့်မပေးမူ၍ ဒုက္ခမီးမကြွမီ တင်ကူး၍တင်ကူး၍ ပြောင်းမှုလဲမှု လွှဲမှုဖယ်မှု ပြုမှုပြင်မှုတို့ကို အစဉ်အမြဲ ကြောင့်ကြစိုက်ကြရကုန်၏။ အိပ်၍ကြာညောင်းလျှင် ထိုင်ရသည်၊မထိုင်လျှင် မကြာမီကိုးကွယ်ရာမဲ့ အဖြစ်သို့ရောက်၍ ပျက်ဆုံးမည်။ ကြွင်းသောဣရိယာပုထ်တို့၌လည်း ဤနည်းချည်း မြင်လေ၊သို့သော်လည်း ဒုက္ခဘက်သို့ တသွန်ထဲလဲ၍အမြဲသွားမှုကြောင့် တင်ကူး၍ပြုပြင်ကြကုန်သည်ဟု နက်နဲစွာမသိကြ၊ အရိုးအစဉ်အနေမျှသိကြသည်။ ပြုပြင်နိုင်လှ၍ အခြေအနေမပျက် နေသည်ကို သန္တတိဖုံးလွှမ်းချက်ခေါ်သည်။

ဣရိယာပုထ်ကိုစွဲ၍ ဒုက္ခသစ္စာမှုကို မြင်အောင်
ကြည့်နည်း အမြွက်ပြီး၏။

---

ပြဆိုခဲ့ပြီးသော ဝတ်ကြီးလေးပါး ဝတ်ခြောက်ပါးတို့ကို ပေါက်ရောက်အောင် ကြည့်ရှုနိုင်ကြသော ယောဂီတို့သည် ဤဘုရားသာသနာတော်အတွင်း၌ ပထမနိဗ္ဗာန်ဘုံသူ၊ပထမနိဗ္ဗာန် ဘုံသားဖြစ်ကြ၍ တဘဝထက်တဘဝ မြင့်သည်ထက်မြင့်ကြ

www.dhammaransi.com



ပြီးလျှင် အနုပါဒိသေသ တတိယနိဗ္ဗာန်သို့ ဝင်စံကြရမည့်အမှန် ဖြစ်သည်။

ဤစကား၌ သဥပါဒိသေသ ပထမနိဗ္ဗာန်ဆိုသည်ကား–

ခပ်သိမ်းသော ဘုရားရှင်တို့၏ သာသနာ၌ ကျွတ်လွတ်ကြကုန်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့တွင် သောတာပန်အဖြစ်နှင့် ကျွတ်ကြသူတို့သည် အများဆုံးဖြစ်ကုန်၏။ သောတာပန်ပုဂ္ဂိုလ်တို့တွင်လည်း သိကြားမင်း၊ ရုဋ္ဌရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား၊ ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ ဝဋ္ဋဒုက္ခမှာ သယာ၊ ဝဋ္ဋာဘိရတာ ဘုံစဉ်စံ သောတာပန်မျိုးတို့သည် အညံ့ဆုံးသော သောတာပန်မျိုးဖြစ်ကြ၍ အများဆုံးဖြစ်ကြကုန်၏။

ယခုအခါ၌ နတ်ပြည်ခြောက်ထပ်တို့တွင် တချို့တချို့သော နတ်ပြည်မှာပင် ဘုံစဉ်စံသောတာပန်အရိယာနတ်မျိုး အသင်္ချေယျ အနန္တ ရှိနေကြကုန်၏။ ယခုအခါ နတ်ပြည်ခြောက်ထပ်သည် အရိယာတို့ဖြင့်ပြည့်လျက် ရှိကြ၏။ ဘုရားသာသနာ၌ ကျွတ်ကြသူ အပေါင်းတို့တွင် အညံ့ဆုံးဖြစ်၍ အများဆုံး ဖြစ်ကြကုန်သော ဝဋ္ဋဒုက္ခသယ, ဝဋ္ဋာဘိရတဘုံစဉ်စံ သောတာပန်တို့၏ အလားကို ပြဆို၍ ထိုအမေးနှစ်ချက်ကို ဖြေဆိုရာ၏။

သဥပါဒိသေသ ပထမမဟာနိဗ္ဗာန်ဆိုသည်ကား၊ အဘယ်နည်း ဟူသောအမေး၌ သဥပါဒိသေသ ပထမမဟာနိဗ္ဗာန်သည်–

သောတာပတ္တိမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်။
သကဒါဂါမိမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်။
အနာဂါမိမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်။
အရဟတ္တမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်။

ဟူ၍ ရောက်ကြသူတို့၏အခိုက်အတန့်အားဖြင့်လေးပါးရှိ၏။

ထိုလေးပါးသည် သဥပါဒိသေသချည်းဖြစ်၍ ကျမ်းဂန်တို့၌ သဥပါဒိသေသ နိဗ္ဗာန်တချဲ့သာ ဆိုကြကုန်၏။ ထိုလေးပါးတွင်

www.dhammaransi.com



သောတာပန်တို့ ရောက်ကြရကြ ခံစံကြရသော နိဗ္ဗာန်သည် သဥပါဒိသေသ-ပဌမမဟာနိဗ္ဗာန်ပေတည်း။ အင်္ဂုတ္တိုရ်ပါဠိတော်၌ မူကား၊ ဘဂ်ဉာဏ်မှစ၍ ဖလဝိပဿနာအခိုက်သို့ ရောက်၍ နေသော ဝိပဿနာယုတ္တ ကလျာဏပုထုဇ္ဇန်ပုဂ္ဂိုလ်ကိုလည်း သဥပါဒိသေသပုဂ္ဂိုလ်ဟူ၍ ဟောတော်မူ၏။

> တိဏ္ဏံသံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ၊ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ ပရာယနော။ ။

ဟူ၍ သုတ္တန်, အဘိဓမ္မာ ပါဠိတော်အရပ်ရပ်တို့၌ ဟောတော်မူ၏။

တိဏ္ဏံသံယောဇနာနံ၊သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-ဟူသော သုံးပါးသောသံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ဆုံး ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကြောင့်။ သောတာ ပန္နော၊ မြင့်မြတ်ရာသို့သော တဖြောင့်တည်းဆန်တက်သော သီလ,သမာဓိ, ပညာ ဟူသော ဓမ္မသောတ၊မြင့်မြတ်သော ဘုံအစဉ်, ပဋိသန္ဓေ အစဉ်ဟူသော ဘဝသောတသို့ အစစွာဆိုက်ရောက်သော သောတာပန်သည်၊ ဟောတိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ ရသော သည်၏အခြားမဲ့၌ အလိုမရှိရာဘဝသို့ ဘယမ်းဘတာကျခြင်း ဝိနိပါတဘေးကြီးမှ အပြီးကင်းလွတ်ပြီ။ နိယတော၊ ဘဝအဆက် ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်ဘဲ အစဉ်မြဲသော သီလ, သမာဓိ, ပညာနှင့်ပြည့်စုံ၏။ သမ္ဗောဓိပရာယနော၊ အထက်မဂ် အထက်ဖိုလ်လျှင် လိုခါရကြောင်း မတိမ်းစောင်းနိုင်သော လည်း လျောင်းမှီခိုရာရှိသည်။ ဟောတိ၊ဖြစ်၏။

သံသရာဘေးအပေါင်းတို့တွင် အဆိုးဝါးဆုံး အညစ်ညမ်းဆုံး အကြမ်းထမ်းဆုံး အယုတ်မာဆုံး ဘေးကြီးရကား—

> သက္ကာယဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ-ဟူသော ကိလေသဝဋ်ဆိုးကြီးတပါး။

www.dhammaransi.com



ဒုစ္စရိုက်ဆယ်ပါးဟူသော ကမ္မဝဋ်ဆိုးကြီးတပါ ။
အပါယ်ကျမှုဟူသော ဝိပါကဝဋ်ဆိုးကြီးတပါး။

ဤဝဋ်ဆိုးကြီးသုံးပါးသည် သံသရာ၌ အဆိုးဝါးဆုံး အညစ်ညမ်းဆုံး အကြမ်းထမ်းဆုံးဖြစ်၏။ ကြွင်းသော ကိလေသဝဋ်ကမ္မဝဋ် ဝိပါကဝဋ်တို့ကား မထောင်းတာရှိ၏။

ကြွင်းသောဝဋ်ဆိုသည်ကား၊ ကာမသုဂတိခုနစ်ဘုံ၌ ကျင်လည်ရန် ကာမတဏှာ၊ ကာမကုသိုလ်၊ ကာမသုဂတိဘဝဟူ၍ ကာမဝဋ်သုံးပါး။ ။ရူပ ၁၆ ဘုံ၌ကျင်လည်ရန် ရူပဘဏှာ၊ ရူပကုသိုလ်၊ရူပဘဝဟူ၍ ရူပဝဋ်သုံးပါး။ ။အရူပဘုံ၌ ကျင်လည်ရန် အရူပဘဏှာ၊အရူပကုသိုလ်၊ အရူပဘဝဟူ၍ အရူပဝဋ်သုံးပါး။ ။ ဤဝဋ်ရကို ကြွင်းသောဝဋ်ဆိုသည်၊

သောတာပတ္တိမဂ်ခဏ၌ ဝဋ်ဆိုးကြီးသုံးပါးနောင် အကြွင်းမရှိ ကုန်ငြိမ်း၏။ ကာမသုဂတိခုနစ်ဘုံ၌သည်း အဟိတ်ဘဝ၊ ဒွိဟိတ်ဘဝ၊ကုန်ငြိမ်း၏။ စည်းစိမ်ချမ်းသာ အလိမ်မာ ဘုန်းတန်ခိုးယုတ်ညံ့သော လူမျိုးနတ်မျိုးဖြစ်မှု ကုန်ငြိမ်း၏ဟူလိုသည်။ ဗြဟ္မာဘုံမှာလည်း ဗြဟ္မာယုတ်၊ဗြဟ္မာညံ့ဖြစ်မှု ကုန်ငြိမ်း၏။ သောတာပတ္တိမဂ်ခဏ၌ ဤအလုံးစုံသောကုန်ငြိမ်းမှုသည် သဥပါဒိသေသ ပဌမမဟာနိဗ္ဗာန်ကြီးပေတည်း။

## သဥပါဒိသေသခေါ်ပုံ။

အဘယ်ကြောင့် သဥပါဒိသေသခေါ် သနည်း ဟူမူကား။ ။ ရှေ့သို့ ဘုံစဉ်စံစားရ၍သွားရန် တဏှာကြွင်းနှင့်တကွ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတွေ များစွာကြွင်းကျန်လျက် ရှိသေးသော ကြောင့် သဥပါဒိသေသခေါ် သတည်း၊ ဝဋ်ဆိုးကြီးသုံးပါး ငြိမ်းမှု ကြောင့် နိဗ္ဗာန်ခေါ် သည်၊ (ဝဋ်ကောင်တွေ ကျန်ရှိသေးသော ကြောင့် သဥပါဒိသေသခေါ် သည်ဟူလို။)

ဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ်တို့သည် ထိုနိဗ္ဗာန်ဘုံ၌နေသို့

www.dhammaransi.com



အဘယ်သို့ ရောက်ကြကုန်သနည်း ဟူသော အမေး၌–ဘုံဌာန ဆိုသည်ကား။ ။အငတ္တာဘုံပေတည်း။ အခွင့်ထူး, အရာထူး, ဌာနန္တရထူးပေတည်း။ ထိုဝဋ်ဆိုးကြီးသုံးပါးရှိနေသော ပုထုဇ္ဇန်၏ အဖြစ်ကား တဌာနတည်း။ ပုထုဇ္ဇနဘူမိခေါ် ၏။ လောကိယ ဘူမိလည်းခေါ် ၏။ ထိုဝဋ်ဆိုးကြီးသုံးပါး ကုန်ငြိမ်းသောအရိယာ၏ အဖြစ်သည်ကား အရာထူးတပါး၊ ဌာနန္တရထူးတပါးတည်း၊ အရိယာဘူမိခေါ် ၏။ လောကုတ္တရာဘူမိလည်းခေါ် ၏။

ဤသို့လျှင် သောတာပတ္တိမဂ်သို့ ရောက်သောအခါမှစ၍ နောက်အနာဂတ် သံသာရာတွင်လုံး ထိုဝဋ်ဆိုးကြီးသုံးပါး ကင်း ရှင်းမှုနယ်ကြီးသည် အခွင့်ထူး, အရာထူး, ဌာနန္တရခေတ်အထူး, နယ်အထူးဖြစ်၍ နိဗ္ဗာန်ဘုံဌာနဆိုသတည်း။

သောတာပတ္တိမဂ်သို့မရောက်မီ အနမတဂ္ဂ အတိတ်သံသရာ ကာလ၌ ထိုဝဋ်ဆိုးကြီး သုံးပါးရှိနေသော ပုထုဇ္ဇန်အဖြစ်နှင့်သာ လာခဲ့ရ၏။ သောတာပတ္တိမဂ်သို့ ရောက်သည်နှင့်တပြိုင်နက် ထိုအဖြစ်မှ ကျွတ်လွတ်၍ ထိုဝဋ်ဆိုးကြီးသုံးပါး ကင်းငြိမ်းခြင်း ဟူသော အခွင့်ထူး, အရာထူး, ဌာနန္တရထူးသို့ ရောက်သည်ကို သဉပါဒိသေသ ပဌမမဟာနိဗ္ဗာန်သို့ ရောက်သည်ဟုဆိုသတည်း။

ထိုဝဋ်ဆိုးကြီးသုံးပါး၏ ကင်းငြိမ်းမှုသည်လည်း အမြဲနိစ္စထာဝရ တည်သေဘောသည်ဖြစ်၍ အနုပါဒိသေသနိဗ္ဗာန်နှင့် တပြင်တည်း တဆက်တည်း တခုတည်းသာတည်း။ နှစ်ခုဆိုရန် အပိုင်းအခြား မရှိပြီ။ ထိုဘုံစဉ်စံ သောတာပန်တို့သည်လည်း သောတာပတ္တိ မဂ်သို့ ဆိုက်သည်နှင့်တပြိုင်နက် လောကီဘုံသူ လောကီဘုံသား အဖြစ်မှ ကျွတ်လွတ်၍ နိဗ္ဗာန်ဘုံသူ နိဗ္ဗာန်ဘုံသားအဖြစ်သို့ ရောက်ကြလေကုန်၏။ လောကုတ္တရာဘုံသူ လောကုတ္တရာဘုံသား အဖြစ်သို့ ရောက်ကြလေကုန်၏။ အရိယာဘုံသူ အရိယာဘုံသား အဖြစ်သို့ရောက်ကြလေကုန်၏၊ထိုခါမှစ၍ အဆုံးဘဝ၌ အနုပါဒိ သေသ နိဗ္ဗာန်သို့ ဆိုက်ရောက်သည်ဘိုင်အောင် ဘဝအဆက်ဆက်

www.dhammaransi.com



ကမ္ဘာ့အဆက်ဆက် ထိုပထမနိဗ္ဗာန်ဟူသော ဌာနသို့ရ၍ တည်ကြကုန်၍ ဥပါဒိကြွင်းဟုဆိုအပ်သော လူ့ဘဝလူ့ချမ်းသာ နတ်ဘဝနတ်ချမ်းသာ ဗြဟ္မာဘဝဗြဟ္မာချမ်းသာတို့ကို အစဉ်ခံစား စံစား၍ သွားကြရကုန်၏။ ထို့ကြောင့် "တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ"ဟူ၍ ဟောတော်မူ၏။

> အဝိနိပါတဓမ္မော၊ ရတေသည့်၏အခြားမဲ့၌ အလိုမရှိရာဘဝသို့ ဘယ်မှာဘတာကျခြင်း ဝိနိပါတဘေးကြီးမှ အပြီးကင်းလွတ်ပြီ။ ။

ဟူသောစကား၌ ဝိနိပါတဘေးကြီးဆိုသည်ကား။ ။ပုထုဇ္ဇန်သတ္တဝါတို့သည် မိမိတို့ ရင်တွင်းနှလုံးတွင်း၌ မြင့်မိုရ်တောင်ကြီးကဲ့သို့ အလွန်ဝန်လေးသွားသော ဝဋ်ဆိုးကြီးသုံးပါး ရှိ၍နေသည့်အတွက် သေကြသောအခါ၌ ဘယ်ဘုံမှာငါဖြစ်မည်ဟု မိမိတို့ဖြစ်လိုရာဘုံ၌ ဖြစ်နိုင်ကြကုန်သည်မဟုတ်။ ကံပစ်ချရာဟု ကံတခုကြမ္မာတခု ပေါက်လွှတ်ထားကြရကုန်၏။

## ထန်းသီးခိုင်-ဥပမာ။

ထန်းပင်ပေါ်၌ ရှိနေကြကုန်သော ထန်းသီးခိုင်တွေကို ခုတ်ချိုင်သောအခါ အခိုင်အညှာပြတ်သည်နှင့်တပြိုင်နက် ထန်းသီးခိုင်တို့သည် ဘယ်နေရာကိုငါကျမည်ဟု ရွေးချယ်၍ကျနိုင်ကုန်သည်မဟုတ်၊ ပေါက်လွှတ်ဒလကျန်း ဘယ်မှာဘတာကျကြလေကုန်သကဲ့သို့၊ထိုအတူ လူ့ပြည်မှသေလျှင်လည်း ပေါက်လွှတ်ကျကြရကုန်၏။နတ်ပြည်ခြောက်ထပ်တို့မှသေလျှင်လည်း ပေါက်လွှတ်ကျကြရကုန်၏၊ ဗြဟ္မာပြည်မှသေလျှင်လည်း ပေါက်လွှတ်ကျကြရကုန်၏၊ ကံပစ်ချရာကျရောက်ကြရကုန်၏။

ဤသို့သေသည့်နောက်၌ ပေါက်လွှတ်လျှောက်လျှား ပစ်၍ထားကြရသောအမှု၊ ကမ္ဘာသကာ ရကျချင်ရာရာ ပေါက်လွှတ်ကျရောက်ကြရသော ဓမ္မတာမှုကြီးကို ဝိနိပါတဘေးကြီးဆိုသတည်း။

www.dhammaransi.com



ဤသံသရာ၌ ပညာရှိကြီးတို့သည် အလွန်စက်ဆုပ်ကြရသော သံသရာဘေးကြီးပေတည်း။ ပညာနည်းသောသူတို့သည်သာလျှင် အများမေ့တားပေဟု ကြွေအေးကြကုန်၏။ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ကြ၍ ဝဋ်ဆိုကြီးသုံးပါး ကျွတ်လွတ်ကြသောအခါမှ ထိုဝိနိပါတဘေးကြီး အပြီးကင်းလွတ်ကြလေကုန်၏။ သေကြသည်နောက်၌ ရောက်လိုရာဘဝသို့ ရောက်နိုင်ကြကုန်၏။ အလိုဆန္ဒအထူးမရှိဘဲ လွှတ်၍ထားပြန်လျှင် ယခုဘဝထက် ကောင်းမြတ်သောဘဝသို့ တက်လမ်းဆန်လမ်းတလမ်းသာရှိကြကုန်၏။ ရောက်လိုရာဘဝသို့ ရောက်နိုင်ကြကုန်၏ဟူရာ၌ ဈာန်ရဈာန်မရစသည်တို့နှင့် လျော်စွာသိလေ။ ထို့ကြောင့်—"အဝိနိပါတဓမ္မော" ဟူ၍ ဟောတော်မူပေသည်။

---

နိယတော၊ အဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်ဘဲ အစဉ်မြဲသော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံ၏။ ။

ဟူရာ၌ ပုထုဇ္ဇန်တို့၌ရှိကြသော သီလ၊ သမာဓိ၊ ပညာမည်သည် အဟုန်နှင့်တကွ ပြေးသောမြင်း၏ကျောက်ကုန်း၌ ပေါက်လွှတ်တင်ထားသော အုန်းသီးနှင့်တူ၏။ ဘဝပြောင်းမှုနှင့် တချက်လှုပ်လျှင်အကုန်ကျ၏။ ဘဝတွင်းမှာပင် ချတင်ရကျ၏။ သောတာပန်တို့၌တည်ရှိသော နိစ္စသီလမျိုး၊ ကုသိုလ်ဓမ္မတို့၌ တည်ကြည်နိုင်သော သမာဓိမျိုး၊ သစ္စာလေးပါးကိုမြင်သော ဉာဏ်ပညာမျိုးသည် သံကြိုးသံလွန်တို့ဖြင့် ကောင်းစွာဖွဲ့အပ်သော မြင်းတန်ဆာနှင့်တူ၏။ ဘဝကမ္ဘာသံသရာ အစဉ်မြဲ၏။ သီလ၊ သမာဓိ၊ ပညာတို့သည်သာ အစဉ်မြဲသည်မဟုတ်ကုန်။ ထိုဘုံစဉ်စံသောတာပန်တို့အား ကိုးကွယ်ရာဘုရားလည်းအစဉ်မြဲ၏။ တရားလည်းအစဉ်မြဲ၏။ သံဃာလည်းအစဉ်မြဲ၏။ သာသနာလည်းအစဉ်

www.dhammaransi.com



မြဲ၏။ ဘဝချားစွာကမ္ဘာအဆက်ဆက် ကျင်လည်၍ သွားကြကုန်သော်သည်း သမ္ဗုဒ္ဓမြတ်စွာဘုရားတို့၏ ဂုဏ်ဘော်ကျေးဇူးဘော်ဘ်ရှိသည် ထိုသူတို့မှာ တဘဝထက်တဘဝ ထင်လင်းထင်ရှား၍ သွားကုန်၏။ တရားဂုဏ်,သံဃာ့ဂုဏ်,သာသနာ့ဂုဏ်တို့လည်း ထို့အတူထင်ရှား၍သွားကုန်၏။ ထိုသူတို့မှာ သာသနာပသောဘဝ၊ သာသနာပသောကမ္ဘာဟူ၍ မရှိကြကုန်ပြီ။

ပုထုဇ္ဇနတို့မည်သည် သံသရာ၌ ရံခါရံခါ ရှေ့ဘဝဟူ၍မသိ၊ နောက်ဘဝဟူ၍မသိ၊မောဟတုံးဖြစ်၍ ကိုးကွယ်ရာမရှိဘဲ ဖြစ်ချင်တတ်တိုင်းရိုင်းစိုင်းရိုက်မဲ၍ နေကြသောဘဝတွေလည်း များစွာရှိကုန်၏။ ရံခါရံခါ ကိုးကွယ်ရာမဟုတ်သော အယုတ်တမာကြီးတွေကို ဘုရားပြုလုပ်၍ တဘဝတမျိုး ကိုးကွက်ရာပေါင်း သောင်းသောင်းမက ပြောင်းလဲ၍နေကြသောဘဝတွေလည်း များစွာရှိကုန်၏။ ဤသံသရာ၌ ပညာရှိကြီးတို့သည် ဘုရားမဟုတ်ဘာမဟုတ်သော အယုတ်တမာကြီးတွေကို ဘုရားပြုလုပ်၍ တဘဝတမျိုးကိုးကွယ်ရာ မှောက်မှားမှုကြီးကိုလည်း အလွန်နာကျေးကြကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော်–ကိုးကွယ်ရာ မှောက်မှားလျှင် ထိုဘဝမှာရစရာမရှိ၊ အကုန်လုံးမှောက်မှားလေတော့သည်။ ဂေါသီလ,ဂေါဝတ အစရှိသည်ဖြင့် တရားမဟုတ်ဘာမဟုတ်သော အယုတ်တမာအကျင့်တွေကို အထွတ်အမြတ်တရားပြုလုပ်၍ တဘဝတမျိုး ကိုးကွယ်ရာပေါင်းသောင်းသောင်းမက ပြောင်းလဲ၍နေကြသော ဘဝတွေလည်းများစွာရှိကုန်၏။

ဤကဲ့သို့မဟုတ်သော လောကုတ္တရာဘုံသူ လောကုတ္တရာဘုံသားဖြစ်ကြကုန်သော ထိုဘုံစဉ်စံအရိယာတို့မှာ ဘဝများစွာကမ္ဘာ အဆက်ဆက်တို့၌ ဘုရား တရား သံဃာ ကိုးကွယ်ရာ ပြောင်းရွှေ့ခြင်းမရှိကြကုန်ပြီဟူလိုသည်။ ထို့ကြောင့်–'နိယတော' ဟူ၍ ဟောတော်မူပေ၏။

www.dhammaransi.com



သမ္ဗောဓိပရာယနော၊အထက်မဂ် အထက်ဖိုလ်သို့
လိုခါရကြောင်း မတိမ်းစောင်းနိုင်သော ယည်းလျောင်း
မှီခိုရာရှိသည်။ ။

ဟူရာ၌ မိမိတို့အတွက် အထက်မဂ်အထက်ဖိုလ် အထက်နိဗ္ဗာန်ဟူသောအကြောင်းကြောင့် နောက်ဘုရား နောက်သာသနာကို မြော်ဘွယ်ရာကိစ္စမရှိကြကုန်ပြီဟူလို။ အဘယ့်ကြောင့်နည်း ဆိုသော်—ထိုသူတို့မှာ သောတာအမည်ရှိသော ဗောဓိပက္ခိယ သုံးဆဲ့ခုနစ်ပါးတို့သည် အနုပါဒိသေသနိဗ္ဗာန်သို့ကျအောင် တဘဝထက်တဘဝ တကမ္ဘာထက်တကမ္ဘာ တိုးပွါးစည်ကား၍သာ သွားကြလေကုန်၏။ ငါတို့ မြတ်စွာဘုရား သာသနာတော်မြတ်ကြီး သုံးပါးတို့သည် ထိုသူတို့သန္တာန်မှာ တဘဝထက်တဘဝ ထွန်းလင်းစည်ကား၍ သွားကြကုန်၏။

ထို့ကြောင့် ဤဘုရားသာသနာတော်ကွယ်သည့်နောက် အနမတဂ္ဂသံသရာမှာ ဘုရားပွင့်မှုမရှိပြီ ဆိုသော်လည်း ထိုသူတို့ ပူဘွယ်မရှိကြကုန်ပြီ။ ထို့ကြောင့်—''သမ္ဗောဓိပရာယနော''ဟူ၍ ဟောတော်မူသည်။

(ဤမှသော စကားရပ်တို့ဖြင့် ငါတို့ဘုရား သာသနာ၌ အကျွတ်ရကြသူ အပေါင်းတို့တွင် အညံ့ဆုံး အများဆုံးဖြစ်သော ဘုံစဉ်စံ သောတာပန်တို့၏ သောတာပတ္တိမဂ်သို့ ဆိုက်သည်နှင့်တပြိုင်နက် သဉပါဒိသေသ ပထမ မဟာနိဗ္ဗာန်သို့ရောက်ကြောင်း နိဗ္ဗာန်ကိုရကြောင်း အမျိုးအရိုးအားဖြင့် လောကီဘုံသူ လောကီဘုံသားအဖြစ်မှ ကျွတ်၍လောကုတ္တရာဘုံသူလောကုတ္တရာဘုံသားအရိယာ ဘုံသူအရိယာဘုံသား၊နိဗ္ဗာန်ဘုံသူနိဗ္ဗာန်ဘုံသားအဖြစ်သို့ အမှန်ရောက်ကြောင်း အကုန်နိဗ္ဗာဘုံသို့ ကျရောက်အောင် ဘဝများစွာ ကမ္ဘာအဆက်ဆက် သဉပါဒိသေသနိဗ္ဗာန်၌

www.dhammaransi.com



တည်၍ ဝန်ဆိုးကြီးသုံးပါးငြိမ်းခြင်းတည်းဟူသော သန္တိသုခ နိဗ္ဗာန်သုခနှင့်တကွ လူ့ချမ်းသာနတ်ချမ်းသာ ဗြဟ္မာချမ်းသာတည်းဟူသော လောကီလောကုတ္တရာချမ်းသာ နှစ်ပါးကို အစဉ်ရှိစွာ စံစား၍ သွားကြရကြောင်းကို အကျဉ်းအားဖြင့် ထင်လျားစွာပြဆိုလိုက်သည်။)

အကနိဋ္ဌဘုံသို့ ကျအောင် ဟူသော စကား၌ အထက်မဂ် အထက်ဖိုလ်သို့ ရောက်ကြသည့်အခါ ဒုတိယ၊ တတိယ၊ စတုတ္ထ သဉ္ပါဒိသေသနိဗ္ဗာန် သုံးပါးပါရှိ၍ဆိုလိုက်သည်။ ဤစကားရပ်ကိုလည်း သောကဘ္ဌ နိဗ္ဗာန်စာအုပ် မလည်မပတ်တွေ များလှ၍ ပညာရှိတို့ရိပ်မိရုံမျှ ပြဆိုလိုက်သည်။

www.dhammaransi.com

## ကျေးဇူးတော်ရှင် ဆရာတော်မဟာ ထေရ်မြတ် ဘုရားကြီး၏ အာသီသပတ္ထနာ ဆုတောင်းတော်မူချက်။

ပုညေန တေန နိဗ္ဗာနံ၊
လဒ္ဓါ သန္ဒိဋ္ဌိကံ ဣဓ။
ပရမတ္ထံ အာသာရခေတ္တုံ၊
ဇနာ သဗ္ဗေပိ သုဗ္ဗတာ။

ဧတေန ပုညေန၊ နိဗ္ဗာန်အချက် တရားနက်ကို ပျက်ပျက်ထင်ထင် ဉာဏ်မြင်သန့်ရှင်းအလင်းပေါက်မှုရေးသားပြုရသော ဤကောင်းမှုကြောင့်။ ဣဓ၊ မျက်မှောက်ဒိဋ္ဌ ဤဘဝ၌။ သန္ဒိဋ္ဌိကံ၊ ကိုယ်တွေ့မျက်မြင် အထင်အရှားရှိနေသော။ နိဗ္ဗာနံ၊ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတို့၏ ကင်းငြိမ်း ချမ်းသာခြင်း တည်းဟူသော သန္ဒိဋ္ဌိကနိဗ္ဗာန်ကို။ လဒ္ဓါ၊ ကိုယ်တွေ့ဒိဋ္ဌ ရကုန်ကြ၍။ သုဗ္ဗတာ၊ စင်ကြယ်ကောင်းမြတ် ချို့မွမ်းအင်သော ပဋိပတ်ကိုယ်ကျင့် တရားကို မနေမနားအားထုတ်ကြကုန်၍။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဇနာ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ ဣဓေဝ၊ ရှင်ချစ်ဂေါတမ ဘုရားသာသနာ ဤအခါ၌ပင်လျှင်။ ပရမတ္ထံ၊ အထွတ်အမြတ် ပရမတ်ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာသာရခေတ္တုံ၊ အလိုပြည့်၍ ကိုယ်တွေ့ဉာဏ်မြင် အစဉ်ပေါက်ရောက် ပြီးမြောက် ခံစံကြပါစေကုန်သတည်း။

www.dhammaransi.com

ပုံနှိပ်နေပြီ။ ပုံနှိပ်နေပြီ။

ကျေးဇူးဆပ်နည်းနိဿျည်းစာအုပ်တွင်ပါရှိသော မဟာသရဏဂုံတော်ကြီး၏ အနက်အဓိပ္ပါယ်တို့ကို ကွက်ကွက် ကွင်းကွင်း အလင်း သိမြင်လိုကြသော ကလျာဏဂိုဏ်းဝင် သူတော်စင် မေတ္တာမိတ်ဆွေ အပေါင်းတို့သည် ကျေးဇူးတော်ရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီး မြန်မာဘာသာပြန်ဆိုတော် မူခဲ့သော ——

# မဟာသရဏဂုံတော်

# ဘာသာပြန်

ဆက်လက်ပုံနှိပ်နေပါပြီ

လယ်တီ–ဦးလှတင်
လယ်တီ–စာပေဖြန့်ချိရေးဌာန
တိုက်နံပါတ် ၂၆၃
ဗိုလ်ချုပ်သမ်းနှင့် လွှတ်လမ်းထောင့်
ရန်ကုန်မြို့။